# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်　　၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက်၊ သောကြာနေ့　　အတွဲ (၆၂)၊ အမှတ် (၁၀၄)


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။　ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။　လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။　COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။　တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။　အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားမည့် Video Message မိန့်ခွန်းအား ထုတ်လွှင့်ပြသမည်

နေပြည်တော်　အောက်တိုဘာ　၁၃

၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်မည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Video Message ဖြင့်ပြောကြားမည့် မိန့်ခွန်းအပြည့်အစုံအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD ၊ MRTV-News ၊ MRTV NRC ၊ မြဝတီရုပ်မြင်သံကြား MWD HD ၊ MWD Variety ၊ MWD Education, Knowledge and Sports ၊ MRTV Website ၊ မြန်မာ့အသံရေဒီယို၊ ရွှေ FM၊ ပတ္တမြား FM၊ ချယ်ရီ FM၊ FM ပုဂံ၊ မန္တလေး FM၊ ပဒ္မဝတီ FM နှင့် သဇင် FM တို့တွင် အခမ်းအနားကျင်းပချိန် နံနက် ၉ နာရီ၌ တစ်ပြိုင်တည်း ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်သည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) စစ်လက်ရုံးရွေးချယ်ပွဲသို့ ဆက်လက်တက်ရောက်စိစစ်ရွေးချယ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) စစ်လက်ရုံးရွေးချယ်ပွဲသို့ ဆက်လက်တက်ရောက်စိစစ်ရွေးချယ်စဉ်။

နေပြည်တော် အောက်တိုဘာ ၁၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်၌ ပြုလုပ်သည့် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၅) စစ်လက်ရုံး ရွေးချယ်ပွဲသို့ ဆက်လက်တက်ရောက် စိစစ်ရွေးချယ်သည်။

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ ဖတ်စရာ**


**ဇာတ်သမားလာလျှင် မှတ်သားစရာပါရမည်၊ ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်ရမည်** ဆောင်းပါး　စာ - ၁၆

**၂၀၂၂ ခုနှစ်တွင် မျှော်မှန်းထားသည်ထက် ဆန်ပိုမိုတင်ပို့နိုင်မည်ဟု ဗီယက်နမ် ခန့်မှန်း** ကုန်သွယ်စီးပွား　စာ - ၁၈

**(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ** ပြည်တွင်းသတင်း　စာ - ၂၀

မြန်မာ့အလင်း

## မိုက်မဲမှုကမ်းကုန်သည့် အကြမ်းဖက်အဖွဲ့ အမြန်ဆုံးဖော်ထုတ်၍ အရေးယူ

ပြီးခဲ့သည့် သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာလ ၉ ရက်နေ့) တွင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ တစ်နံတစ်လျား တွင် ထင်ရှားကျော်ကြားသည့် တန်ခိုးကြီးဘုရားပွဲတော်တစ်ခု ဖြစ်သည့်အားလျော်စွာ ဘုရားဖူးခရီးသည်များ မပြတ်ရှိနေပြီး ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်တို့ဆုံပါက တောင်လုံးညွတ်မျှ စည်ကားသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှု အရှိန်မြင့် မားနေသည့် ကာလအတွင်း ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး အသွားအလာ၊ လူစုလူဝေးတို့ကို ကန့်သတ်ခဲ့ရသည့်အတွက် ယခုကဲ့သို့ ပြန်လည်ဖြေလျှော့လာနိုင်သည့် ကာလတွင် နိုင်ငံ တစ်ဝန်းရှိ ဘုရားပုထိုးများနှင့် အပန်းဖြေရာ နေရာများတွင် ကုသိုလ်ယူ၊ အပန်းဖြေသူများနှင့် ပြန်လည်စည်ကားလာသည်။

ဝါကျွတ်ကာလအတွင်း နိုင်ငံတစ်ဝန်းရှိ ဘုရားကျောင်းကန် များ၌ ကုသိုလ်ယူသူများ၊ အပန်းဖြေစခန်းများတွင် အပန်းဖြေ အနားယူသူများ ပြန်လည်စည်ကားလာသည့်အပေါ် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အကြမ်းဖက်သမားများက အမျက် သို ရန်ငြိုးဖွဲ့ကြသည်။ ပြည်သူအများ အေးချမ်းပျော်ရွှင်မှုကိုမလို လား၊ မရှုဆိတ်နိုင်ကြသည့်အလျောက် ပြည်သူလူထုအတွင်း အကြောက်တရားများ ဖြစ်ပေါ်လာအောင် ခြိမ်းခြောက်မှုများကို လည်း တွင်တွင်ပြုလုပ်ကြသည်။ အောက်တိုဘာလ ၁၂ ရက်နေ့ တွင်မူ အကြမ်းဖက်သမားတို့၏ ရက်စက်ယုတ်မာမှုနှင့် မိုက်မဲမှု တို့က ကမ်းကုန်သွားသည်။ အများပြည်သူဘုရားဖူး ကုသိုလ်ယူ မည့် သာသနာ့နယ်မြေပေါ်တွင် အကြမ်းဖက်သမားတို့၏ လက်ချက်ဖြင့် သွေးမြေကျရသည်။ အပြစ်မဲ့ပြည်သူ အမျိုးသမီး သုံးဦး သေဆုံးခဲ့ရသည်။ အမျိုးသားကိုးဦးနှင့် အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၉ ဦး ဒဏ်ရာများ ရရှိခဲ့သည်။ အချိန်အခါ၊ နေရာဒေသ အားဖြင့် ဤသို့သောဖြစ်ရပ်မျိုး ဖြစ်လာမည်ဟူ၍ အများပြည်သူ အနေဖြင့် မျှော်လင့်ထားကြမည်မဟုတ်သော်လည်း ဘုရားပွဲတော် ကာလ သာသနာ့မြေပေါ် ရောက်ရှိလာသည့် ဘုရားဖူးပြည်သူများ ကို လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ အကြမ်းဖက်တံခွန်ထူပြလိုက်သည်။

လက်နက်ကိုင်ဆောင်ထားခြင်းမရှိသည့် အပြစ်မဲ့ပြည်သူ များအပေါ် စစ်ရေးနှင့် မသက်ဆိုင်သည့်နေရာတွင် ၎င်းအကြမ်း ဖက်သမားတို့ ကျူးလွန်ခဲ့သည့်လုပ်ရပ်တို့က စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ရာ ရောက်သည်။ ထို့အပြင် ယဉ်ကျေးသည့် လူ့အသိုက်အဝန်းအားလုံး၊ ဘာသာ သာသနာအားလုံး၊ လူမှု အဖွဲ့အစည်းအားလုံးကလည်း လက်မခံ၊ ပြင်းပြင်းထန်ထန် ဆန့်ကျင်ကြ၊ ရှုတ်ချကြသည်။ ဘုရားဖူးတောင်တက်ကားဂိတ်ကို လက်နက်ကြီးငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့ကြသည့် အကြမ်းဖက်သမား တစ်ဒါဇင်ခန့်၏နောက်တွင် ၎င်းတို့အား သင်ကြားပေးသူ၊ ပံ့ပိုးပေးသူအဖွဲ့အစည်းလည်းရှိနေရာ ယခု ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုလုပ်ရပ်အတွက်လည်း အဓိက တာဝန်ရှိသူပင်ဖြစ်သည်။

နိုင်ငံရေးကို နိုင်ငံရေးအရ ဖြေရှင်းခြင်း မပြုလုပ်နိုင်သည့်အခါ စစ်ရေးပေါ်ပေါက်လာသည်။ စစ်ရေးဆောင်ရွက်ရာတွင် ပြည်သူ လူထုအပေါ် အကြမ်းဖက်ခြင်း နည်းလမ်းဟူသမျှ မပြုလုပ်ဘဲ ရှောင်ရှားကြရန်လိုသည်။ အေးချမ်းစွာဘုရားဖူးလာသည့် ပြည်သူ များကို သာသနာ့နယ်မြေအတွင်း အကြမ်းဖက်တိုက်ခိုက် သတ်ဖြတ်ခဲ့သည့် ယခုဖြစ်စဉ်တွင် ပါဝင်ကျူးလွန်ခဲ့သူများကို သက်ဆိုင်ရာတို့က အမြန်ဆုံးစစ်ဆေးဖော်ထုတ်ကာ ထိရောက် စွာ အရေးယူနိုင်ရေး ဆောင်ရွက်ကြရန် တိုက်တွန်းအပ် ပါကြောင်း။ ။



## နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့တို့ ဒုတိယနေ့တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင် မှု ဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ် ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ် ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်း ရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ် ကြီး မင်းနောင်နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ တွဲဖက်အတွင်း ရေးမှူး နိုင်ဝင်းလှ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်ဗညားလယ်တို့ တက်ရောက် ကြသည်။

ဒုတိယနေ့ဆွေးနွေးပွဲတွင် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၁)၊ (၂)နှင့် (၃) တို့ပါ သဘောတူညီချက်များအား ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှု ရှိ/မရှိ လေ့လာစိစစ်ချက်များနှင့် ပတ်သက်၍ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ရှင်းလင်း တင်ပြပြီး တက်ရောက်လာကြသူများက မိမိတို့၏သဘောထားများ၊ လိုလားချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့နောက် အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ဒုတိယ နေ့ကိုရပ်နားခဲ့သည်။ တတိယနေ့ဆွေးနွေးပွဲကို အောက်တိုဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ် အခမ်းအနားတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၌ လွန်ခဲ့ သည့် (၅)နှစ်တာ ကာလအတွင်း ဘေးဖြစ်ပွားမှုပေါင်း အကြိမ် (၁၀၀၀)ခန့်ရှိခဲ့ရာ လူပေါင်း ၁၅၀၀၀၀ ကျော် ဘေးဒုက္ခခံစား ခဲ့ရပြီး ၁၀၀ ကျော် အသက်ဆုံးရှုံး ခဲ့ရကြောင်း၊ ပျက်စီးဆုံးရှုံးမှုအနေ ဖြင့် ခန့်မှန်းခြေငွေကျပ်သန်း ၂၀၀၀ ကျော်ရှိခဲ့ရာ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ငွေကျပ်သန်း ၁၄၀၀ ကျော်၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ယနေ့အထိ ဘေးဖြစ်ပွားမှုများ အတွက် ထောက်ပံ့မှုနှင့် သဘာဝဘေး လျော့ပါးရေး လုပ်ငန်းများအတွက် ငွေကျပ်သန်း ၁၈၀၀ ကျော် တို့ကို အသုံးပြုခဲ့ကြောင်း၊ ဘေးအန္တရာယ် များအား စောလျင်ထိရောက်စွာ တုံ့ပြန် ဆောင်ရွက်နိုင်ရန်၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှု စွမ်းဆောင်ရည် အားကောင်းစေ ရန်၊ ထိခိုက်ဆုံးရှုံးမှု အနည်းဆုံး ဖြစ်အောင် ကိုယ်တိုင်ရင်ဆိုင်တုံ့ပြန် နိုင်သည့် စွမ်းဆောင်ရည် မြှင့်တင် ပေးရန် လိုအပ်ပြီး ရေရှည်တည်တံ့ သော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်သည့် မြန်မာနိုင်ငံ



ဖြစ်လာစေရေးအတွက် အားလုံး ပူးပေါင်း ဆောင်ရွက်သွားကြရ မည်ဖြစ်ကြောင်း မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို က ပြောကြားသည်။

၂၀၂၂ ခုနှစ် အပြည်ပြည် ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး နေ့ အထိမ်းအမှတ်အခမ်းအနား ကို ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာ ရေးကော်မတီရုံး မြို့တော်ခန်းမ တွင် ယနေ့နံနက်ပိုင်းက ကျင်း ပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ထိုသို့ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ကုလသမဂ္ဂ ဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင် ခြေလျှော့ချရေးဆိုင်ရာ ဌာန အကြီးအကဲ Ms. Mami Mizutori ၏ အပြည်ပြည်ဆိုင်ရာ သဘာဝ ဘေးအန္တရာယ် ထိခိုက်ဆုံးရှုံး နိုင်ခြေ လျှော့ချရေးနေ့အတွက် ပြောကြားသော သတင်းစကား ဗီဒီယိုနှင့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယို တို့ကို ပြသသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ချမ်းမြသာစည် မြို့နယ်ရှိ Multipurpose Stadium တွင် ယနေ့နံနက်ပိုင်းက ကျင်းပသည့် ၂၀၂၂ ခုနှစ် ပြည်နယ် နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြိုင်ပွဲဝင် အားကစား သမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများ၊ အကဲဖြတ်အမှတ် ပေးဒိုင်အဖွဲ့များကို လိုက်လံ နှုတ်ဆက်ကာ တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၅၀၀၀ နှုန်း ဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၄၁၁၀၀၀၀ ကို ပေးအပ်ပြီး မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် မျိုးဆက်သစ်လူငယ်များ၏ သရုပ် ပြသမှုနှင့် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင် ကစားနေမှုများကို ကြည့်ရှု အားပေးခဲ့ကြောင်းနှင့် ပြိုင်ပွဲများကို အောက်တိုဘာ ၁၇ ရက်အထိ ယှဉ်ပြိုင်ကစားကြ မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံအတွင်း အသစ်ဆောက်လုပ်လျက်ရှိသည့် ခတ်ရောင်ခြည်နှင့် ကင်ဆာရောဂါကုသဆောင် တည်ဆောက်ပြီးစီးမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ နယ်မြေခံ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

❖ *ရှေ့ဖုံးမှ*

ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်းစီ တွေ့ဆုံမေးမြန်း၍ စာပေပညာ၊ စစ်ပညာဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးစားအားထုတ်မှုများအပေါ်မူတည်၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်တပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ သင်တန်းသားဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ကြပြီး ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကား ပြောကြားသည်။

**ညှိနှိုင်းဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များအား တစ်ဦးချင်း၏ ထိခိုက်ဒဏ်ရာရရှိမှု၊ ဆေးကုသ ပေးထားမှုများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ ၎င်းတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဆေးရုံအတွင်း အသစ်ဆောက်လုပ်လျက်ရှိသည့် ဓာတ်ရောင်ခြည်နှင့် ကင်ဆာရောဂါကုသဆောင် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ရေ၊ မီး စနစ်များကို စနစ်တကျထည့်သွင်း တွက်ချက်တည်ဆောက်ရန်၊ လူနာများအား လွယ်ကူစွာ ရွှေ့ပြောင်းနိုင်ရေး သတ်မှတ်စံနှုန်းများနှင့်အညီ တည်ဆောက်ရန်၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် တည်ဆောက်ရန်နှင့် အခြားလိုအပ်သည်များ မှာကြားသည်။

**ကန်တော်ကြီးဥယျာဉ် ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသား ကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိကြပြီး ကန်တော်ကြီးဥယျာဉ်အတွင်းရှိ ရေကန်များသို့ ရေဝင်ရောက်မှု အခြေအနေများ၊ ဥယျာဉ် စိမ်းလန်းစိုပြည်ရေးနှင့် သစ်ပင်ပန်းမန်များကို ထိန်းသိမ်းစောင့်ရှောက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်အား တွေ့ရစဉ်။

# ကလေးအလုပ်သမားအများစုအတွက် လူမှုအကာအကွယ် အထောက်အပံ့ပေးနိုင်ရန် မဖြစ်မနေလိုအပ်

## ကလေးသူငယ်များ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုသာ နိုင်ငံတော်၏အနာဂတ်ကို ကောင်းမွန်စွာဖန်တီးပေးနိုင်မည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်းနှင့် လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

### အမှာစကားပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်(၂၀၁၉-၂၀၂၃) အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီ(၈)ခုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လုပ်ငန်းကော်မတီများ၏ ဆောင်ရွက်ချက်များအပေါ် ပြန်လည်သုံးသပ်ဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီ(၈)ခုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လုပ်ငန်းကော်မတီများအကြား လုပ်ငန်းကဏ္ဍအလိုက် ပိုမိုညှိနှိုင်းချိတ်ဆက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလအတွင်း မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၃၅၈/၂၀၂၁)ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၃၇ ဦးဖြင့် နောက်ဆုံးပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အစည်းအဝေး(၄)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ကြောင်း။

၂၀၂၁ ခုနှစ် ဧပြီ ၂၁ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးတွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ် အမျိုးသားကော်မတီအစည်းအဝေး၌ ဆုံးဖြတ်ချက်(၉)ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့ပြီး ဆုံးဖြတ်ချက်(၉)ချက်အရ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူးအဖွဲ့နှင့် အမျိုးသားအဆင့်လုပ်ငန်းကော်မတီ(၈)ခုဖြစ်သည့် စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီ၊ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းကော်မတီ၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီ၊ ဥပဒေရေးရာလုပ်ငန်းကော်မတီ၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၊ စောင့်ကြည့်အကဲဖြတ်စိစစ်ရေးလုပ်ငန်းကော်မတီ၊ ရန်ပုံငွေရှာဖွေရေးနှင့် ဘဏ္ဍာရေးလုပ်ငန်းကော်မတီများကို အမိန့်ကြော်ငြာစာများဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

### လုပ်ငန်းစီမံကိန်းချမှတ်

ကော်မတီ၏ အကောင်အထည်ဖော်မှုသမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက မြန်မာနိုင်ငံ၌ ကလေးအလုပ်သမားဆိုင်ရာ အခြေခံဗဟုသုတများ ပြန့်ပွားစေရေးအတွက် အသိပညာနှင့် ဗဟုသုတတိုးမြှင့်စေခြင်း၊ နိုင်ငံတကာစံချိန်၊ စံညွှန်းများနှင့်အညီ ဥပဒေပြင်ဆင်ရေးဆွဲခြင်း၊ ကလေးအလုပ်သမားပြဿနာအပေါ်ဖြေရှင်းနိုင်ရန် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ တာဝန်ဝတ္တရားများသတ်မှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းချမှတ်၍ တိုးတက်မှုကို အကဲဖြတ်ခြင်းဖြင့် ရေရှည်တွင် ကလေးအလုပ်သမား လျော့နည်းပပျောက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

### ရည်မှန်းချက် (၆)ရပ်

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ကာလတို၊ ကာလရှည်အပိုင်းနှစ်ပိုင်းခွဲ ဆောင်ရွက်သွားရန်နှင့် ကာလတို(၅)နှစ်စီမံကိန်း (၃)ကြိမ်ဖြင့် ကာလရှည်(၁၅)နှစ်စီမံကိန်း သတ်မှတ်ဆောင်ရွက်သွားရန် လျာထားပြီး ပထမ(၅)နှစ်စီမံကိန်းကို ခိုင်မာတိကျသော အခြေခံအချက်အလက်များ ကောက်ယူခြင်း၊ အသိပညာပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာအခွင့်အလမ်းများဖန်တီးခြင်း၊ ဥပဒေပိုင်းဆိုင်ရာ ပြင်ဆင်ရေးဆွဲမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေခြင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများကို ဖယ်ရှားခြင်းနှင့် ပြန်လည်ကုစားခြင်း၊ မိသားစုများအတွက်ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများရှိစေခြင်း စသည့် ရည်မှန်းချက် (၆)ရပ်ဖြင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ဆောင်ရွက်သွားရန် အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို မူအားဖြင့် အတည်ပြုခဲ့ကြောင်း။

### အကောင်အထည်ဖော်ဆောင်ရွက်

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ပထမ(၅)နှစ်စီမံချက်ပါ တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၅)ခုအနက် ကနဦးစီမံချက် နယ်မြေများဖြစ်သော ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဦးစားပေးနယ်ပယ်(၂)ခုဖြစ်သည့် စက်မှုကုန်ထုတ်ကဏ္ဍ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍတို့ရှိ ကလေးအလုပ်သမားများ လျော့နည်းပပျောက်ရေးကို ပထမကာလတို(၅)နှစ် (၂၀၁၉-၂၀၂၃) ခုနှစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေဆဲဖြစ်ကြောင်း။

### အဓိကစိန်ခေါ်မှုများ

မက်ခရိုစီးပွားရေးနှင့် ဘဏ္ဍာရေးတည်ငြိမ်ရေး အထူးသဖြင့် ကုန်ထုတ်လုပ်ငန်းကဲ့သို့ အဓိကကျသည့် ကဏ္ဍများ၊ ဖွံ့ဖြိုးတိုးတက်မှုရေးရှူသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမှု၊ အုပ်ချုပ်မှုတိုးတက်ကောင်းမွန်ရေးနှင့် ပြည်သူ့ကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့စေရေး မြှင့်တင်ပေးခြင်းတို့သည် အဓိကစိန်ခေါ်မှုများဖြစ်ကြောင်း။

ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမှုဟူသည့် စိန်ခေါ်မှုမှ ကလေးအလုပ်သမားအရေးကိစ္စသည်လည်း တစ်ခုအပါအဝင်ဖြစ်သည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကလေးအလုပ်သမားများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ကျွမ်းကျင်မှုနှင့် အလုပ်အကိုင်ရရှိမှု မြှင့်တင်ပေးခြင်း၊ လူငယ်များအလုပ်အကိုင်ရရှိရေး အလေးထားဆောင်ရွက်ပေးခြင်း၊ ဘေးကင်းသည့် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းတို့နှင့် ပတ်သက်၍ အရေးကြီးသည့်မူဝါဒများဖြင့် လူမှုစီးပွားဦးစားပေးမှုများအဖြစ် သတ်မှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

### ခေါင်းပုံဖြတ်ခံရမှုများ ကြုံတွေ့

ကမ္ဘာ့နိုင်ငံအားလုံးနီးပါး ကိုဗစ်-၁၉ ကပ်ရောဂါရိုက်ခတ်မှုကြောင့် မိသားစုဝင်ငွေကို အကြီးအကျယ်ထိခိုက်စေသည့်အတွက် ဆင်းရဲနွမ်းပါးမှုကို ပိုမိုဖြစ်ပွားစေပြီး အထောက်အပံ့မရှိသည့် အခြေအနေတွင် အိမ်ထောင်စုများ၏ အသက်ရှင်ရပ်တည်မှုတိုင်းအတွက် ကလေးအလုပ်သမားများ တိုးလာစေပြီး ဆင်းရဲနွမ်းပါးမှု၊ ကျောင်းပိတ်ထားမှုနှင့် လူမှုရေးဝန်ဆောင်မှုများလျော့ကျမှု စသည့်အချက်များ ကလေးအများအပြားကို လုပ်ငန်းခွင်သို့ တွန်းပို့နေပြီး ခေါင်းပုံဖြတ်ခံရခြင်း၊ အန္တရာယ်ရှိသည့်လုပ်ငန်း၌ အတင်းအကျပ်ခိုင်းစေခံရခြင်း၊ အထူးသဖြင့် အားနည်းသည့် မိန်းကလေးငယ်များအနေဖြင့် စိုက်ပျိုးရေးနှင့် အိမ်အကူလုပ်ငန်းများတွင် ခေါင်းပုံဖြတ်ခံရမှုများ ကြုံတွေ့လျက်ရှိသည်ကို သိရကြောင်း၊

*စာမျက်နှာ ၅ သို့*

**■ ကလေးသူငယ်ဦးရေ ၁၀ ယောက်တွင် တစ်ယောက်သည် ကလေးအလုပ်သမားဖြစ်နေကြပြီး ၂၀၁၆ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ ကလေးအလုပ်သမား စုစုပေါင်း ၁၅၂ သန်းရှိခဲ့ကာ ၂၀၂၀ ပြည့်နှစ်တွင် ကလေးအလုပ်သမားစုစုပေါင်း သန်း ၁၆၀ ရှိသဖြင့် ၄ နှစ်တာကာလအတွင်း ကလေးအလုပ်သမား ၈ သန်းကျော်တိုးလာ၊ ၎င်းတို့အတွင်းမှ ၆ ဒသမ ၅ သန်းသည် အန္တရာယ်ရှိသောလုပ်ငန်းခွင်များ၌ လုပ်ကိုင်နေရသည်ကို တွေ့မြင်ကြရမည်ဖြစ်၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မိသားစုအားလုံးအတွက် ကလေးအလုပ်သမားက ဖြေရှင်းမှုယန္တရားတစ်ခုကဲ့သို့ ဖြစ်လာခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ၈ ဒသမ ၉ သန်းနီးပါး ကလေးအလုပ်သမား ဖြစ်လာသည်ကို တွေ့ရ**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ဇေယျာသီရိရုပ်စုံအဖွဲ့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁၃** (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ညနေပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည့် ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

အဆိုပါရုပ်စုံသဘင်အဖွဲ့လိုက်ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ဇေယျာသီရိရုပ်စုံအဖွဲ့က "ငါးပါဒအက္ခရာ" ဇာတ်တော်ကြီးကို ကကြိုးကကွက် စုံလင်စွာဖြင့် သရုပ်ဖော်ယှဉ်ပြိုင်နေမှုကို ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့များ ကြည့်ရှုအားပေးကြသည်။

**ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်း**

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ၁၉၉၈ ခုနှစ်ပြိုင်ပွဲမှာ ရုပ်စုံသဘင်ပြိုင်ပွဲအဖြစ် "ဝိဓူရ" ဇာတ်တော်ကြီးဖြင့် စတင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ အချိန်ကာလအတိုင်းအတာတစ်ခုအထိ တိမ်မြုပ် ပျောက်ကွယ်နေခဲ့သည့် ရုပ်သေးပညာ ပြန်လည်ပြီး တစ်ခေတ် ဆန်းသစ်လာခဲ့ကြောင်း၊ အကြောင်း ကြောင်းကြောင့် ကျင်းပခြင်းမပြုနိုင်ခဲ့သည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးနှင့်အတူ ရုပ်သေးအနုပညာရပ်သည် တိမ်မြုပ်ပျောက်ကွယ်သကဲ့သို့ ဖြစ်နေခဲ့ရပြီး ယခုကျင်းပသည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းနိုင်ရန်နှင့် မြန်မာ့ရုပ်သေးပညာရပ်၊ မြန်မာ့ရုပ်စုံပညာရပ်များ ပြန်လည်ဖော်ထုတ်နိုင်ရန် ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၄ မှ*

ကလေးအလုပ်သမားအများစုအတွက် လူမှုအကာအကွယ် အထောက်အပံ့ပေးနိုင်ရန် မဖြစ်မနေ လိုအပ်သည့်ကိစ္စဖြစ်သကဲ့သို့ ပညာရေး၊ လူမှုအကာအကွယ်၊ တရားမျှတမှု၊ အလုပ်သမားဈေးကွက်များနှင့် သက်ဆိုင်သည့် မူဝါဒများသည် အလေးထားစရာကိစ္စတစ်ရပ်ဖြစ်လာကြောင်း။

**ကလေးအလုပ်သမားတိုးလာ**

ကမ္ဘာ့စစ်တမ်းများအရ ဆင်းရဲနွမ်းပါးမှုတစ်ရာခိုင်နှုန်း တိုးလာသည်အမျှ နိုင်ငံများတွင် ကလေးအလုပ်သမားအနည်းဆုံး ၈ ဒသမ ၇ ရာခိုင်နှုန်း ဖြစ်ပေါ်လာစေနိုင်သည်ကို ဖော်ပြနေကြောင်း၊ ကလေးသူငယ်ဦးရေ ၁၀ ယောက်တွင် တစ်ယောက်သည် ကလေးအလုပ်သမားဖြစ်နေကြပြီး ၂၀၁၆ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ ကလေးအလုပ်သမား စုစုပေါင်း ၁၅၂ သန်းရှိခဲ့ကာ ၂၀၂၀ ပြည့်နှစ်တွင် ကလေးအလုပ်သမား စုစုပေါင်းသန်း ၁၆၀ ရှိသဖြင့် ၄ နှစ်တာ ကာလအတွင်း ကလေးအလုပ်သမား ၈ သန်းကျော်တိုးလာကြောင်း၊ ၎င်းတို့အတွင်းမှ ၆ ဒသမ ၅ သန်းသည် အန္တရာယ်ရှိသော လုပ်ငန်းခွင်များ၌ လုပ်ကိုင်နေရသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မိသားစုအားလုံးအတွက် ကလေးအလုပ်သမားက ဖြေရှင်းမှုယန္တရားတစ်ခုကဲ့သို့ ဖြစ်လာခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ၈ ဒသမ ၉ သန်းနီးပါး ကလေးအလုပ်သမား ဖြစ်လာသည်ကို တွေ့ရကြောင်း။

**ပူးပေါင်းဆောင်ရွက်သွားရမည်**

ကလေးအလုပ်သမား တိုးပွားလာသည့် လက္ခဏာများကို တုံ့ပြန်နိုင်ရန် ပြည့်စုံသည့် လူမှုအကာအကွယ်၊ ဆင်းရဲသောမိသားစုများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အရွယ်ရောက်ပြီးသူများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်များ တိုးမြှင့်ခြင်း၊ ကျောင်းများသို့ ကလေးအားလုံးရောက်ရှိစေသည့် စီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊ အခမဲ့ပညာရေးနှင့် အလုပ်သမားရေးရာစစ်ဆေးခြင်း၊ ဥပဒေစိုးမိုးခြင်းနှင့် ပတ်သက်၍ ပိုမိုခိုင်မာအောင် ဆောင်ရွက်ခြင်း စသည့်ကဏ္ဍများကို ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ကိုဗစ်-၁၉ ရောဂါကို တုံ့ပြန်ဆောင်ရွက်သည့် မူဝါဒအပေါ်မူတည်၍ ကလေးအလုပ်သမားအရေးပါဝင်သည့် လူမှုအကာအကွယ်ပေးရေးလုပ်ငန်းများ များပြားလာပါက ကလေးအလုပ်သမားဖြစ်ပွားမှုကို အကာအကွယ်ပေးနိုင်မည်ဖြစ်ကြောင်း။

**လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အလေးပေးဖော်ဆောင်ပေးလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအပေါ် ကူညီဆောင်ရွက်ပေးခြင်း၊ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားပေးခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးခြင်းနှင့် Quick Win ကဲ့သို့ လျင်မြန်စွာ အကောင်အထည်ဖော် အကျိုးရှိစေမည့် ကာလတိုစီးပွားရေးလုပ်ငန်းများကိုလည်း အားပေးအကောင်အထည်ဖော်ပေးလျက်ရှိကြောင်း။

ဆက်လက်ပြီး မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ၂၀၁၉ ခုနှစ်မှစ၍ ၂၀၂၃ ခုနှစ်အထိ (၅)နှစ်တာ ကာလတိုစီမံချက် ရေးဆွဲဆောင်ရွက်လာခဲ့ရာ အမျိုးသားအဆင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများအလိုက် အခြားသက်ဆိုင်ရာကော်မတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဆက်လက်အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ရေရှည်စီမံကိန်း ချမှတ်ဆောင်ရွက်**

ကလေးသူငယ်များ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်၏ အနာဂတ်ကို ကောင်းမွန်စွာ ဖန်တီးပေးနိုင်မည်ဖြစ်သကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝမြင့်မားမှု၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် တိုက်ရိုက်သက်ဆိုင်နေသည့်တွက် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ရည်မှန်းချက်များကို ထိရောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရလဒ်ကောင်းများရရှိစေရေး ကလေးအလုပ်သမားအရေးကိစ္စသည် ရေရှည်စီမံကိန်း ချမှတ်ဆောင်ရွက်သွားရမည့်ကိစ္စရပ်ဖြစ်ကြောင်း၊ လုပ်ငန်းစီမံချက်ကာလ (၅)နှစ်တာ ပြီးဆုံးမည့် ၂၀၂၃ ခုနှစ်နောက်ပိုင်းတွင်လည်း အလားတူ စီမံချက်ပါလုပ်ငန်းစဉ်များအတိုင်း အားနည်းချက်၊ အားသာချက်များကို သုံးသပ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသားကော်မတီအဖွဲ့ဝင်များအနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို မြန်ဆန်စွာဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနအချင်းချင်း တိုင်ပင်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဒေါက်တာပွင့်ဆန်းတို့က မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က စတုတ္ထအကြိမ်အမျိုးသားကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် လုပ်ငန်းကော်မတီ(၈)ခု၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဒေါက်တာသီတာဦး၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအမျိုးသားအဆင့် လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကော်မတီတွဲဖက်အတွင်းရေးမှူး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကို က ပဉ္စမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ယင်းနောက် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများ၏ အခြေခံအုတ်မြစ်သည် ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ဆောင်ရွက်ခြင်းဖြစ်

❖ *ကျောဖုံးမှ*

ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ UN, INGO,NGOs နှင့် CSO များ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယခုအခမ်းအနားများကို ၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်မှစ၍ ယိုဂိုမူဘောင် (၂၀၀၅-၂၀၁၅)၊ ဆန်ဒိုင်းမူဘောင် (၂၀၁၅-၂၀၃၀) တို့ပါ ပန်းတိုင်များ၊ ဦးတည်ကဏ္ဍများနှင့် လုပ်ငန်းနယ်ပယ်များအပေါ် နှစ်စဉ် ဦးစားပေးကဏ္ဍများ ရွေးချယ်သတ်မှတ် အကောင်အထည်ဖော်ကာ ဆောင်ပုဒ်များ ချမှတ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း။

**ကြိုတင်သတိပေးမှုစနစ်များ ခိုင်မာအားကောင်းရေး**

ယခု ၂၀၂၂ ခုနှစ်တွင် ဆန်ဒိုင်းမူဘောင် ပန်းတိုင် (၇) (Target-G) ဖြစ်သည့် **“ဘေးအန္တရာယ်ပေါင်းစုံအတွက်ကြိုတင်သတိပေးစနစ်များနှင့်ဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ၊ အကဲဖြတ်မှုများကို လူတိုင်းရယူအသုံးချနိုင်မှုအား သိသိသာသာ တိုးမြှင့်ဆောင်ရွက်သွားရန်”** ဟူသည့် ရည်မှန်းချက်နှင့်အညီ ကြိုတင်သတိပေးမှုစနစ်များ ခိုင်မာအားကောင်းရေးနှင့် ကြိုတင်ပြင်ဆင်မှု၊ ကြိုတင်ဆောင်ရွက်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်စေရန် “Early Warning and Early Action for all” ကို ယခုနှစ်ဆောင်ပုဒ်အဖြစ် သတ်မှတ်ထားကြောင်း၊ **“ကြိုတင်သတိပေး ထုတ်ပြန်ချက် ဆောလျင်ဆောင်ရွက်အားလုံးအတွက်”**ဟု ဆိုနိုင်ကြောင်း။

ယခုဆောင်ပုဒ်သည် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းစဉ်များမှ ကြိုတင်သတိပေးစနစ်၏ အရေးပါမှုနှင့် **“ကြိုတင်ပြင်ဆင်၊ အောင်ပွဲဝင်”** ဆိုသည့်အတိုင်း ဘေးအန္တရာယ်ထိခိုက်ခံရမှုများ လျော့နည်းသက်သာစေရန် ကြိုတင်သတိပေးချက်များအပေါ် မူတည်၍ ကဏ္ဍအလိုက် လုပ်ဆောင်ရမည့် လုပ်ငန်းများကို မြန်ဆန်မှန်ကန်စွာ ချက်ချင်းသိ- ချက်ချင်းဆောင်ရွက်ကြရန် နှိုးဆော်တိုက်တွန်းထားကြောင်း။

သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်လျှင် ကြိုတင်ပြင်ဆင်မှုနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ အစီအမံများ စဉ်ဆက်မပြတ်ပြုလုပ်နေရန်၊ အမြဲတမ်းနိုးနိုးကြားကြားရှိနေရန်နှင့် အမြဲအသင့် ဖြစ်နေရန် လိုအပ်ကြောင်း။

ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်တွင် ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးစနစ်သည် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည့်အတွက် ယခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဘာလီ၌ ကျင်းပခဲ့သည့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး ကမ္ဘာလုံးဆိုင်ရာ ညီလာခံတွင် ဘေးမျိုးစုံအတွက် ပြည်သူဗဟိုပြု ကြိုတင်သတိပေးစနစ် ခိုင်မာအားကောင်းရေး၊ ဘေးအန္တရာယ်ဆိုင်ရာ စာရင်းဇယားအချက်အလက်မှန်ကန်ရေး၊ ငွေကြေးအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် ဘေးအန္တရာယ်စီမံအုပ်ချုပ်မှု ထိရောက်အကျိုးရှိရေးတို့ကို အဓိကဦးစားပေး ဆွေးနွေးခဲ့ကြကြောင်း။

**အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်လိုအပ်**

ထို့ကြောင့် ယခုနှစ် ဆောင်ပုဒ်ကိုကြည့်မည်ဆိုလျှင် ကြိုတင်သတိပေးစနစ်များ ခိုင်မာအားကောင်းအောင် ဆောင်ရွက်မှုနှင့်အတူ ကြိုတင်သတိပေးချက်များအပေါ် မူတည်၍ လိုအပ်သည့် စီမံခန့်ခွဲဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း။

ကြိုတင်သတိပေးစနစ်များ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆန်ဒိုင်းမူဘောင် ဦးစားပေးလုပ်ငန်းကဏ္ဍ (၄) ခုမှ ဦးစားပေးကဏ္ဍ (၄) ၏ အောက်တွင် ဘေးအန္တရာယ် စောင့်ကြည့်မှုဆိုင်ရာ ဆက်သွယ်ပြန်ကြားမှုစနစ်များနှင့် လူမှုဆက်သွယ်ရေး နည်းပညာများ၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေနှင့် အရေးပေါ်ဆက်သွယ်ရေး လုပ်ငန်းစဉ်များ၊ ဘေးအန္တရာယ်ပေါင်းစုံကို ကဏ္ဍပေါင်းစုံမှ လူထုဗဟိုပြု ကြိုတင်ခန့်မှန်းခြင်းနှင့် ကြိုတင်သတိပေးခြင်းစနစ်များ တိုးတက်မြင့်မားလာစေရန် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ကြရေးနှင့် အဆိုပါစနစ်များ တိုးတက်လာရေးအတွက် အများပြည်သူပူးပေါင်းပါဝင်သည့် လမ်းစဉ်ဖော်ဆောင်ကြရေး၊ အသုံးပြုသူများ၏လိုအပ်ချက်နှင့်ကိုက်ညီအောင် စီမံရန်၊ ကြိုတင်သတိပေးခြင်း ဆောင်ရွက်ရာတွင် ရိုးရှင်းလွယ်ကူပြီး ကုန်ကျစရိတ်သက်သာသည့် စက်ကိရိယာပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ အသုံးချနိုင်မှုကို မြှင့်တင်ရန်၊ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးချက်များ ထုတ်လွှင့်ပေးနိုင်မည့် မီဒီယာအစီအစဉ်များ ကျယ်ပြန့်စွာ ဖြစ်ပေါ်လာရန် တိုးမြှင့်ဆောင်ရွက်ရေးကို ထည့်သွင်းရေးဆွဲဖော်ပြထားကြောင်း။

**ကြိုတင်သတိပေးစနစ်များ ဆောင်ရွက်ထား**

ကမ္ဘာတစ်ဝန်း ကြိုတင်သတိပေးစနစ်များ ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ဆန်ဒိုင်းမူဘောင် အကောင်အထည်ဖော်မှု စောင့်ကြည့်လေ့လာချက်အရ ၂၀၂၂ ခုနှစ် ဧပြီလအထိ ကမ္ဘာ့နိုင်ငံ (၉၅) နိုင်ငံတွင် ဘေးမျိုးစုံအတွက် ကြိုတင်သတိပေးစနစ် Multi-Hazard Early Warning Systems(MHEWS) များကို ဆောင်ရွက်ထားပြီးဖြစ်သည်ကို သိရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်ဖြစ်ပွားနိုင်ခြေနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ မြင့်မားသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးစနစ်များ အားကောင်းရန် အထူးလိုအပ်ကြောင်း၊ အဓိကအားဖြင့် သဘာဝဘေး ဖြစ်ပွားသည့်အခါ ပထမဆုံး ရင်ဆိုင်တုံ့ပြန်မှုပြုကြရသည့် ဒေသခံလူထုအဆင့်အထိ ရောက်ရှိနိုင်မည့် လူထုဗဟိုပြု ကြိုတင်သတိပေးစနစ်များ တည်ဆောက်ပြီး ခိုင်မာအားကောင်းအောင် ဆောင်ရွက်နိုင်မှသာ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ ကြိုတင်ခန့်မှန်းခြင်း၊ အသိပေးထုတ်ပြန်ခြင်းကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလမ်းညွှန်မှုအောက်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက အဓိကတာဝန်ယူ၍ သက်ဆိုင်ရာနယ်မြေဒေသအရောက် ဖြန့်ဝေခြင်းကို အုပ်ချုပ်မှုဆိုင်ရာလမ်းကြောင်းများမှ အဆင့်ဆင့်ပေးပို့ခြင်း၊ နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အများပြည်သူကို အသိပေးခြင်း စသည့်နည်းလမ်းများဖြင့် ဆောင်ရွက်နေကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် ကြိုတင်သတိပေးချက်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရန်-ရှောင်ရန်များ၊ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးမှုများကို မိုဘိုင်းဖုန်းမှတစ်ဆင့် ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ လွယ်ကူလျင်မြန်စွာ ရောက်ရှိနိုင်ရန် Myanmar Disaster Alert(MDA) မိုဘိုင်း Application ကို ဆောင်ရွက်ပြီးစီးပြီဖြစ်၍ မကြာမီအချိန်အတွင်း မိုဘိုင်ဖုန်းမှတစ်ဆင့် သဘာဝဘေးအန္တရာယ်နှင့်

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် သဘာဝဘေးကူညီကယ်ဆယ်ရေးဆိုင်ရာ ပစ္စည်းများကို ကြည့်ရှုစဉ်။

❍ **မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်ဖြစ်ပွားနိုင်ခြေနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ မြင့်မားသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးစနစ်များ အားကောင်းရန် အထူးလိုအပ်**

❍ **အဓိကအားဖြင့် သဘာဝဘေးဖြစ်ပွားသည့်အခါ ပထမဆုံးရင်ဆိုင်တုံ့ပြန်မှုပြုကြရသည့် ဒေသခံလူထုအဆင့်အထိ ရောက်ရှိနိုင်မည့် လူထုဗဟိုပြု ကြိုတင်သတိပေးစနစ်များတည်ဆောက်ပြီး ခိုင်မာအားကောင်းအောင် ဆောင်ရွက်နိုင်မှသာ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းမည်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၆ မှ*

ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သိသင့်သိထိုက်သည်များ သိရှိနိုင်တော့မည်ဖြစ်ကြောင်းကိုလည်း သတင်းကောင်းပါးအပ်ပါကြောင်း။

သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများ၏ အခြေခံအုတ်မြစ်သည် ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကြိုတင်သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ ရရှိမှသာ ဘေးကျရောက်နိုင်သည့် ဒေသနေလူထုအနေဖြင့် လူတစ်ဦး တစ်ယောက်ချင်းစီအလိုက်၊ မိသားစုအလိုက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ၊ ပြောင်းရွှေ့မှုများ ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ စီမံခန့်ခွဲဆောင်ရွက်ပေးရမည့် တာဝန်ရှိသူများအနေဖြင့် လိုအပ်သည့် စီမံမှုများကို စနစ်တကျဖြင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြပြီး ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့နည်းသက်သာမည်ဖြစ်ကြောင်း။

ထို့ပြင် သဘာဝဘေးစီမံခန့်ခွဲမှု နယ်ပယ်အလိုက် စီမံခန့်ခွဲဆောင်ရွက်ကြရာတွင် အနာဂတ်ကာလတွင် ဖြစ်လာနိုင်မည့်ဘေးများကို တွက်ဆပြီး ကြိုတင်ပြင်ဆင်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်နေကြသည်ကို တွေ့နိုင်ကြောင်း။

**စီမံဆောင်ရွက်မှုများကို လုပ်ဆောင်ကြရမည်**

သဘာဝဘေးအန္တရာယ်များသည် အဓိကအားဖြင့် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုဖြစ်စဉ်များ ပြောင်းလဲမှုများနှင့်အများဆုံးဆက်စပ်ဖြစ်ပွားခြင်းကြောင့် အဆိုပါကိစ္စရပ်များပေါ် မပြတ်လေ့လာပြီး မိမိတို့နိုင်ငံအပေါ် သက်ရောက်နိုင်ခြေနှင့် မိမိတို့၏ အရင်းအမြစ်များအပေါ်မူတည်၍ လိုအပ်သည့် စီမံဆောင်ရွက်မှုများကို လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာစာရင်းဇယားများနှင့် ကိန်းဂဏန်း အချက်အလက်များအရ ၂၁၀၀ ပြည့်နှစ်တွင် ကမ္ဘာ့ပျမ်းမျှအပူချိန်သည် (၄) ဒီဂရီဖာရင်ဟိုက်မှ (၇) ဒီဂရီဖာရင်ဟိုက်အထိ ပိုမိုလာနိုင်ကြောင်းနှင့် ပင်လယ်ရေမျက်နှာပြင်သည် (၂၈ စင်တီမီတာမှ ၉၇ စင်တီမီတာအထိ) မြင့်တက်လာနိုင်ကြောင်း၊ မုန်တိုင်းနှင့် ဒီရေလှိုင်း အများအပြားဖြစ်ပေါ်နိုင်ကြောင်း၊ မိုးခေါင်ရေရှားဒေသများ ပိုမိုခြောက်သွေ့လာနိုင်ပြီး မိုးရွာသွန်းလေ့ရှိသည့် ဒေသများတွင် မိုးရွာသွန်းမှု ပိုမိုများပြားနိုင်ကြောင်း၊ ကာဗွန်ထုတ်လွှတ်မှုပမာဏ ပိုမိုများပြားလာပြီး ပင်လယ်သမုဒ္ဒရာများ၌ အက်ဆစ်ဖြစ်ထွန်းမှုပိုမိုလာနိုင်ကြောင်း၊ ကမ္ဘာ့တစ်ဝန်းထုတ်ပြန်သည့် အစီရင်ခံစာများတွင် လေ့လာတွေ့ရှိနိုင်မည်ဖြစ်ကြောင်း။

**"သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် ကြိုတင်သတိပေးချက်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရန်-ရှောင်ရန်များ၊ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးမှုများကို မိုဘိုင်းဖုန်းမှတစ်ဆင့် ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ လွယ်ကူလျင်မြန်စွာ ရောက်ရှိနိုင်ရန် Myanmar Disaster Alert(MDA) မိုဘိုင်း Application ကို ဆောင်ရွက်ပြီးစီးပြီဖြစ်၍ မကြာမီအချိန်အတွင်း မိုဘိုင်းဖုန်းမှတစ်ဆင့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သိသင့်သိထိုက်သည်များ သိရှိနိုင်တော့မည်"**

Intergovernmental Panel on Climate Change– IPCC ၏ ဆဋ္ဌမအကြိမ် အစီရင်ခံစာတွင် ရာသီဥတုပြောင်းလဲမှု ဆိုးကျိုးသည် မျှော်မှန်းထားခြင်းထက် ပိုမိုကျယ်ပြန့်ပြီး ပိုမိုဆိုးရွားပြင်းထန်ကြောင်း၊ အနာဂတ်ကာလများတွင် ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးကို ပိုမိုခံစားကြရမည်ဖြစ်ကြောင်း၊ အပူချိန်မြင့်တက်မှုများကြောင့် ထိခိုက်ခံစားရမှုများ မလွဲမသွေရှိမည်ဖြစ်ကြောင်းနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ နေထိုင်ရေး အရေးကြီးသည်ကို ဖော်ပြထားကြောင်း။

ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ကမ္ဘာတစ်ဝန်း ကြီးမားပြင်းထန်သည့် သဘာဝဘေးများ ဖြစ်ပွားခဲ့သကဲ့သို့ မြန်မာနိုင်ငံ၌လည်း ပြီးခဲ့သည့် (၁၈) လတာ ကာလအတွင်း မီးဘေး (၇၄၈) ကြိမ်၊ ရေဘေး (၁၆၁) ကြိမ်၊ လေဘေး (၁၅၀၂) ကြိမ်၊ မြေငလျင်အပါအဝင် အခြားဘေး (၁၁၇၈) ကြိမ်၊ စုစုပေါင်း အကြိမ် (၃၅၈၉) ကြိမ်ထိ ဖြစ်ပွားခဲ့ပြီး ဘေးသင့်လူဦးရေ (၁၅) သိန်းကျော်ကို နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၃၆၄၇ သန်းကျော် ထောက်ပံ့ပေးခဲ့ကြောင်း။

မိမိတို့နိုင်ငံသည် Intergovernmental Panel on Climate Change အစီရင်ခံစာအရ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုကို ထိခိုက်ခံစားလွယ်သည့် နိုင်ငံများအနက် တတိယအဆင့်တွင် ရှိနေသည့် နိုင်ငံဖြစ်၍ သဘာဝဘေးအန္တရာယ်များ လျှော့ချနိုင်ရန်၊ ဘေးအန္တရာယ်ကို စနစ်တကျတုံ့ပြန်ရန်နှင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် သဘာဝဘေး ကြိုတင်သတိပေးချက်များနှင့် လိုအပ်သည့် စီမံခန့်ခွဲမှုများ အချိတ်အဆက်မိမိနှင့် အချိန်ကိုက်ဆောင်ရွက်နိုင်မှုသည် အဓိကကျသည့် ကဏ္ဍမှ ပါဝင်နေကြောင်း။

**ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန်လိုအပ်**

ထို့ကြောင့် သဘာဝဘေး ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများ၌ အမျိုးသားကော်မတီအောက်တွင် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန် လိုအပ်သကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှု အဖွဲ့များအနေဖြင့်လည်း သက်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု လူမှုရေးအသင်းအဖွဲ့များစသည့် အဖွဲ့အစည်းအသီးသီးနှင့် ချိတ်ဆက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုနှင့် ပုဂ္ဂလိကကဏ္ဍများ စနစ်တကျ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် အသက်ဆုံးရှုံးရခြင်း၊ အခြေခံ အဆောက်အအုံ ထိခိုက်ပျက်စီးရခြင်း၊ စီးပွားရေး ဆုံးရှုံးရခြင်းများ လျှော့နည်းသွားမည်ဖြစ်ကြောင်း။

သဘာဝဘေးစီမံခန့်ခွဲမှုကို ထိရောက်မြန်ဆန်စွာနှင့် ကဏ္ဍအလိုက် စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ပေးခဲ့ပြီးဖြစ်သကဲ့သို့ မြန်မာနိုင်ငံ သဘာဝဘေး စီမံခန့်ခွဲမှုဆိုင်ရာ တည်မြဲအမိန့်-၂၀၂၂ ကိုလည်း မကြာမီက အတည်ပြုထုတ်ပြန်ခဲ့ပြီး ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရာတွင် ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးချက်များ ထုတ်ပြန်ခြင်း၊ ကြိုတင်သတိပေးချက်များအပေါ် အခြေခံ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်ခြင်းနှင့် ရွှေ့ပြောင်းခြင်းစသည်တို့ အပါအဝင် ဆောင်ရွက်ရမည့် တုံ့ပြန်မှုလုပ်ငန်းများကို စနစ်တကျ အချိန်ကိုက်ဆောင်ရွက်ရန် သဘာဝဘေးကြိုတင်သတိပေးသည့်စနစ် ခိုင်မာအားကောင်းရေး ပြည်သူလူထုပါဝင်သည့် **ပြည်သူဗဟိုပြုသဘာဝဘေးကြိုတင်သတိပေးသည့်စနစ်**ကို တည်ဆောက်နိုင်ရေး၊ သတိပေးချက်များနှင့်အညီ ဆောင်ရွက်ရမည့် လုပ်ငန်းများကို အတိအကျ လိုက်နာကြရေးသည် အရေးကြီးကြောင်း။

မိမိနိုင်ငံ၏ ရေမြေသဘာဝ၊ အရင်းအမြစ်၊ အတွေ့အကြုံတို့အပေါ်အခြေခံ၍ အာဆီယံနိုင်ငံများ သာမက နိုင်ငံတကာနှင့်လည်း စဉ်ဆက်မပြတ် ချိတ်ဆက်ဆောင်ရွက်ရန်၊ အပြည်ပြည်ဆိုင်ရာ မူဘောင်နှင့် သဘောတူညီချက်များကို လိုက်နာရန်၊ ခေတ်နှင့်အညီ တိုးတက်နေသည့် နည်းပညာများကိုလည်း မျက်ခြည်မပြတ် လေ့လာအသုံးပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှသာ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေကို လျှော့ချနိုင်မည်ဖြစ်ပြီး ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သော လူမှုစီးပွားဘဝများကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာဌာန အကြီးအကဲ (Head of UNDRR), Ms. Mami Mizutori ၏ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ သတင်းစကား ဗီဒီယိုကို ပြသသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် က သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**မှတ်တမ်းဗီဒီယိုပြသ**

ထို့နောက် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြခန်းများနှင့် သဘာဝဘေးကူညီကယ်ဆယ်ရေးဆိုင်ရာ ပစ္စည်းများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၀၂) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အထိမ်းအမှတ် ရုပ်ရှင်တစ်သက်တာထူးချွန်ဆုပေးပွဲ၊ မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ဖွင့်ပွဲနှင့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၃

**(၁၀၂) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အထိမ်းအမှတ် ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆုပေးပွဲ၊ မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ဖွင့်ပွဲနှင့် (၄၅)ကြိမ်မြောက် ရုပ်ရှင် သက်ကြီးပူဇော်ပွဲအခမ်းအနားများကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၁၀၂) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အထိမ်းအမှတ် ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆုပေးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားများသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများနှင့် ရုပ်ရှင်အနုပညာရှင်များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆုပေးပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် မြန်မာ့ရုပ်ရှင်နေ့အား "မေတ္တာနှင့်သူရာ" ရုပ်ရှင်ဇာတ်ကား ရုံတင်ပြသခဲ့သည့် ၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်ကို ဂုဏ်ပြုသတ်မှတ်ခဲ့သည့်အတွက် ယနေ့ဆိုလျှင် နှစ်ပေါင်း (၁၀၂)နှစ်တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ထူးခြားလေးနက်သည့် နေ့ထူးနေ့မြတ် အခါသမယတွင် မြန်မာ့ရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော ရုပ်ရှင်အနုပညာရှင်ကြီး နှစ်ဦးကို နိုင်ငံတော်က ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆု ချီးမြှင့်ပေးမည်ဖြစ်သဖြင့် လွန်စွာမင်္ဂလာရှိသည်ဟု ပြောကြားလိုပါကြောင်း၊ ရုပ်ရှင်တစ်သက်တာထူးချွန်ဆု ရရှိသူများနှင့် ရုပ်ရှင်သက်ကြီးအနုပညာရှင်များသည် ရုပ်ရှင်လောက သက်တမ်းတစ်လျှောက် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့ကြသူများဟု မိမိတို့အားလုံးက အသိအမှတ်ပြုထားပါကြောင်း။

နိုင်ငံတော် အကြီးအကဲက စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်အသီးသီးမှ အနုပညာရှင်များကို ပညာရှင်များအဖြစ် လေးစား တန်ဖိုးထားကြရန်နှင့် လိုအပ်ချက်များကို ကူညီပံ့ပိုးပေးရန် အမြဲလမ်းညွှန်မှာကြားပါကြောင်း၊ ယခု ရုပ်ရှင်တစ်သက်တာထူးချွန်ဆုကို ချီးမြှင့်ခံရမည့် ပုဂ္ဂိုလ်များသည် အသက် ၈၀ နှင့်အထက် ရှိသူများဖြစ်ပြီး ရုပ်ရှင်လောကတွင် ကျင်လည်လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် သက်တမ်းနှစ် ၅၀ ရှိကြသူများ ဖြစ်ပါကြောင်း၊ ထို့ပြင် ရုပ်ရှင်လောကနှင့် အဆက်အသွယ်မပြတ်ဘဲ နိုင်ငံတော်အဆင့် ဂုဏ်ထူးဆု (သို့မဟုတ်) ရုပ်ရှင်ထူးချွန်ဆုရရှိသူ၊ အနုပညာကောင်းသတင်းဖြင့် ကျော်ကြားသူများဖြစ်ပြီး ရုပ်ရှင်လောကသားများ၏ဆန္ဒဖြင့် ရွေးချယ်ထားသူများ ဖြစ်ပါကြောင်း။

ယခင်က ရုပ်ရှင်တစ်သက်တာဆုကို ၂၀၁၀ ပြည့်နှစ်တွင် ဒါရိုက်တာ ဦးတင်ယုအား လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် စည်သူ ဗိုလ်ကလေး တင့်အောင်အား လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် အကယ်ဒမီ ဒေါ်မြင့်မြင့်ခင်အား လည်းကောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ အစီအစဉ်ဖြင့် ပေးအပ်ချီးမြှင့်ခဲ့ပါကြောင်း၊ ယခုနှစ်အတွက် ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆုရရှိသည့် ပုဂ္ဂိုလ်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တစ်ဦးလျှင် ရွှေစင်ငါးကျပ်သားရှိ ရွှေစင်ကြယ်နှင့် အကယ်ဒမီ ရွှေစင်ရုပ်တုများကို ပေးအပ်ချီးမြှင့်မည်ဖြစ်ပါကြောင်း၊ တိုင်းပြည်နှင့် လူမျိုးအတွက် အနုပညာစွမ်းပကားဖြင့် အကျိုးဆောင်ခဲ့ကြသော အနုပညာရှင်ကြီးများကို ယခုကဲ့သို့ချီးမြှင့်ခွင့်ရရှိခြင်းအပေါ် ရုပ်ရှင်လောကသားအားလုံးက မုဒိတာပွားနေကြမည်ဟု ယုံကြည်ပါကြောင်း။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်လောကအကျိုးဆောင်ရွက်နိုင်ရေးအတွက် ဝဇီရာရုပ်ရှင်ရုံကြီးကို ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အကောင်အထည်ဖော်နေသကဲ့သို့ အမျိုးသား ဖလင်မော်ကွန်းတိုက်ကြီး တစ်ခုတည်ဆောက်ပြီး ရုပ်ရှင်ဖလင်များ၊ မှတ်တမ်းရုပ်ရှင်ဖလင်များကို စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကြီးကိုလည်း အနုပညာရှင်များ စုပေါင်းပါဝင်တင်ဆက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိဂုံးချုပ်အားဖြင့် သမိုင်းအစဉ်အလာ ကောင်းခဲ့သည့် မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းကို ရုပ်ရှင်အနုပညာရှင်အားလုံးက လက်ဆင့်ကမ်း ထိန်းသိမ်းသယ်ပိုးပေးကြပါရန်နှင့် မြန်မာ့ရုပ်ရှင်တစ်ခေတ် ဆန်းသစ်လာအောင် စည်းလုံးညီညွတ်စွာ စုပေါင်းဖော်ဆောင်ပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် စည်သူ ဦးကြည်စိုးထွန်းက ရုပ်ရှင်တစ်သက်တာဆု ပေးအပ်ရခြင်းနှင့် ဆုများရွေးချယ်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆုရရှိသူ အကယ်ဒမီ ညွန့်ဝင်းအား ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆုရှင် စည်သူဒေါ်မြင့်မြင့်ခင်က လည်းကောင်း၊ ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆုရရှိသူ အကယ်ဒမီ အောင်လွင်အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လည်းကောင်း ရွှေစင် ငါးကျပ်သားရှိ ရွှေစင်ကြယ်နှင့် အကယ်ဒမီ ရွှေစင်ရုပ်တုများကို ပေးအပ်ချီးမြှင့်သည်။



စည်သူဒေါ်မြင့်မြင့်ခင် ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိသူ အကယ်ဒမီ ညွန့်ဝင်း(ကိုယ်စား) ဒါရိုက်တာ မောင်နှင်းမိုး အား ရွှေစင်ငါးကျပ်သားရှိ ရွှေစင်ကြယ်နှင့် အကယ်ဒမီရွှေစင်ရုပ်တု ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆုရရှိသူ အကယ်ဒမီ အောင်လွင် အား ရွှေစင်ငါးကျပ်သားရှိ ရွှေစင်ကြယ်နှင့် အကယ်ဒမီ ရွှေစင်ရုပ်တု ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် ရုပ်ရှင်တစ်သက်တာဆုရ အကယ်ဒမီအောင်လွင်က ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားခဲ့သည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ဒုတိယပိုင်း အစီအစဉ်အဖြစ် မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ဖွင့်ပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် နာယကများက မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ(၁) ဦးအေးကြူလေးက ပြတိုက်ဖြစ်ပေါ်လာပုံ အကြောင်းနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကာ ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် (၁၀၂)ကြိမ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၅)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က နှုတ်ခွန်းဆက်စကားနှင့် မုဒိတာစကားများ ပြောကြားကြပြီး သက်ကြီးရုပ်ရှင်အနုပညာရှင်များအား ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ သက်ကြီးအနုပညာရှင်များအတွက် အလှူငွေပေးအပ်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လှူဒါန်းသည့် အလှူငွေ ကျပ်သိန်း ၅၀၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများက အလှူငွေကျပ်သိန်း ၃၀၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အလှူရှင်များက ကျပ်သိန်း ၁၅၀ နှင့် Forever Group Co.,Ltd က ငွေကျပ် ၇၃၅၀၀၀၀ တို့ကို လှူဒါန်းရာ နာယကများနှင့် အမှုဆောင်များက လက်ခံရယူကြသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသည် ပထမဆုံးမြန်မာ့ရုပ်ရှင်ဇာတ်ကား "မေတ္တာနှင့်သူရာ" ကို ရုံတင်ပြသခဲ့သည့် ၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်ကို **မြန်မာ့ရုပ်ရှင်နေ့** အဖြစ် သတ်မှတ်၍ ရုပ်ရှင်သက်ကြီးပူဇော်ပွဲ အခမ်းအနားများကို ကျင်းပခဲ့ရာ ယခုအကြိမ်သည် (၄၅)ကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ယခုနှစ် မြန်မာ့ရုပ်ရှင်နေ့တွင် ရုပ်ရှင်သက်ကြီးပူဇော်ပွဲနှင့်အတူ ရုပ်ရှင်တစ်သက်တာထူးချွန်ဆု ချီးမြှင့်ပွဲနှင့် မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ဖွင့်ပွဲတို့ကိုပါ ဂုဏ်ယူစွာကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆွေးနွေးဆောင်ရွက်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း နာယက ဦးကျော်ဆန်း၊ ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးဆောင်ရွက်ခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရ အကယ်ဒမီ ဦးအောင်လွင်နှင့် ရုပ်ရှင်အနုပညာရှင်များအား ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**

# (၂၈) ကြိမ်မြောက် အာဆီယံ လူမှုရေး - ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများ အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၃

**၂၀၂၂ ခုနှစ်၊ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူထားသည့် ကမ္ဘောဒီးယားနိုင်ငံက ကြီးမှူး၍ (၂၈) ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ (ASCC) ဝန်ကြီးများ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Sokha Phnom Penh Hotel ၌ ကျင်းပပြီး (ယာပုံ) အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် H.E. Samdech HUN SEN တက်ရောက်၍ ဖွင့်လှစ်ပေးသည်။**



အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများနှင့် အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးဖြစ်သူ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဦးဆောင်၍ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးဖြစ်သည့် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဒေါ်ငွေငွေဆွေတို့ တက်ရောက်ကြသည်။

(၂၈) ကြိမ်မြောက် အာဆီယံ လူမှုရေး – ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးများ အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ပညာရေး၊ လူငယ်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး H.E Dr. Hang Chuon Naron က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘောဒီးယားနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ်အတွင်း ချမှတ်ထားသော Theme ဖြစ်သည့် ASEAN A.C.T: Addressing Challenges Together ဟူသည့် ဆောင်ပုဒ်နှင့်အညီ အာဆီယံတန်ဖိုးများဆီသို့ အတူတကွ လက်တွဲလျှောက်လှမ်းရန် ယုံကြည်မှုရှိပါကြောင်း၊ ပဏာမခြေလှမ်းများဖြစ်သည့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများ၊ သဘာဝဘေးအန္တရာယ်များ၊ ကိုဗစ်-၁၉ ကပ်ရောဂါအလွန် သာတူညီမျှမှုရှိသော ကောင်းမွန်သည့် ပညာရေး စနစ်ရရှိရေး၊ စွမ်းအင်နှင့် စားနပ်ရိက္ခာဖူလုံရေး၊ သတင်းအချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေး ပြဿနာများ အပါအဝင် အနာဂတ်စိန်ခေါ်မှုများကို အတူတကွ တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

(၂၈) ကြိမ်မြောက် အာဆီယံ လူမှုရေး – ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးများ အစည်းအဝေး၌ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အကြိမ် (၄၀) မြောက်နှင့် (၄၁) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးများသို့ တင်ပြမည့် အစီရင်ခံစာများအား အတည်ပြုခြင်း၊ (၂၈) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ၏ ပူးတွဲကြေညာချက် (မူကြမ်း) ကို အတည်ပြုခြင်း၊ ကမ္ဘောဒီးယားနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ယူစဉ်ကာလအတွင်း ဆောင်ရွက်လျက်ရှိသည့် ဦးစားပေးလုပ်ငန်းများ တိုးတက်မှုအခြေအနေနှင့် အကြိမ် (၄၀) မြောက်နှင့် (၄၁) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးများသို့ တင်သွင်း၍ အတည်ပြုမည့် မှတ်တမ်းမှတ်ရာ (၁၁) ခုနှင့် မှတ်တမ်းတင်မည့် မှတ်တမ်းမှတ်ရာ အခု (၂၀) တို့ကို ဆွေးနွေးခြင်း၊ (၂၈) ကြိမ်မြောက် အာဆီယံလူမှုရေး- ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အစည်းအဝေး၏ မှတ်တမ်းအကျဉ်းချုပ်ကို အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ASCC အတွက် တိကျသည့် မဟာဗျူဟာကို ဖော်ဆောင်ရန် ASEAN Comprehensive Recovery Framework and the Hanoi Declaration of ASEAN Community post 2025 Vision အတွက် ကဏ္ဍစုံ၊ မဏ္ဍိုင်စုံ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်မိပါကြောင်း၊ အာဆီယံ စည်းမျဉ်းစည်းကမ်း၊ နည်းလမ်းများနှင့်အညီ မိမိတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ထောက်ပံ့ ဆောင်ရွက်မှုများကြောင့် မိမိတို့သည် ၂၀၂၅ ခုနှစ် အာဆီယံအသိုက်အဝန်းသို့ သွားရောက်နေသည့် လမ်းကြောင်းတစ်ဝက်တွင် ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ထို့အပြင် ASCC အသိုက်အဝန်း ထုဆစ်ပုံဖော်ရာတွင် အထောက်အကူပြုစေနိုင်သည့် လှုပ်ရှားဆောင်ရွက်မှုများ အားလုံးနှင့် ကမ္ဘောဒီးယားနိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ် ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်ရန် ချမှတ်ထားသော ဦးစားပေးနယ်ပယ်များနှင့် အစီအစဉ်များကို ထောက်ခံပါကြောင်း၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်နှင့် ထိရောက်မှုတို့ကို အားကောင်းစေမှုအား ကြိုဆိုပါကြောင်း၊ ထို့ပြင် အကြိမ် (၄၀) မြောက်နှင့် (၄၁) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးများတွင် တင်သွင်းမည့် ကြေညာစာတမ်းများကိုလည်း မြန်မာနိုင်ငံမှ ထောက်ခံပါကြောင်းတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးနှင့် မဲရုံများလျာထားသတ်မှတ်ခြင်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

မဲစာရင်းများ မှန်ကန်ရေးနှင့် မဲရုံများ လျာထားသတ်မှတ်ခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသန်းထွန်း၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် မအူပင်ခရိုင်အတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများကို ဥပဒေနှင့်အညီ စက်တင်ဘာလကုန်အထိ လစဉ်စိစစ်ပြုစုထားသည့် လူဦးရေစာရင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် မအူပင်ခရိုင်အတွင်းရှိ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ပူးပေါင်းစိစစ် ဆောင်ရွက်ထားမှုများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြပြီး သက်ဆိုင်ရာဌာနအသီးသီးက ဆောင်ရွက်ထားမှုများကို တင်ပြကြသည်။

ဆက်လက်ပြီး မအူပင်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိက အခြေခံမဲဆန္ဒရှင်စာရင်းများ စက်တင်ဘာလအထိ လစဉ်စိစစ်ဆောင်ရွက်မှုနှင့်စပ်လျဉ်းပြီး တင်ပြရာ –

(၁) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ စိစစ်ချက်အရ

- (က) သေဆုံး၊ ပြောင်းထွက်၊ (၂) ကြိမ်ထပ်၊ (၃) ကြိမ် ထပ်တို့မှ လျော့သည့် လူဦးရေ (၅၇၇၂) ဦး
- (ခ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန လက်ကျန်စာရင်းမှ ပြန်လည်ထည့်သွင်းသည့် ထပ်တိုး လူဦးရေ (၆၃၉) ဦး

(၂) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ချက်အရ

- (က) မြေပြင်ထပ်တိုး ပုံစံ(ဖဖ/ဖ) ရှိသူ (၅၃၃) ဦး
- (ခ) မြေပြင်တွင် လျော့သည့်ဦးရေ ပုံစံ(ဖဖ/ဖ)ရှိသူ (၃၄၃၇) ဦး

မဲရုံတည်နေရာနှင့် မဲရုံအရေအတွက် လျာထားမှု (၉၄၈) ရုံ လျာထားသတ်မှတ်ထားကြောင်းနှင့် မဲရုံသုံးပစ္စည်း လိုအပ်ချက်တို့ကို တင်ပြဆွေးနွေးသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့က မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေး ဆောင်ရွက်မှုလုပ်ငန်း အောင်မြင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရာတွင် တွေ့ရှိရသည့် အခက်အခဲများ၊ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသန်းထွန်းနှင့် ဦးအောင်လွင်ဦး တို့က ဖြည့်စွက်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

နေပြည်တော်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ကိုထက်က အသင်းသားများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နေပြည်တော်စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူး၊ ဇမ္ဗူသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် MSME Association (နေပြည်တော်) ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ နေပြည်တော်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ဇမ္ဗူသီရိမြို့နယ်တွင် ဒုတိယအကြိမ်ကျင်းပမည့် မြို့နယ်လုံးဆိုင်ရာ အသံမစဲ မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အလှူငွေကျပ် (၅) သိန်းအား ပေးအပ်လှူဒါန်းရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နေပြည်တော် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်၊ ကင်မွန်းချောင်း တောင်တက်ကားဂိတ်ရှိ ဘုရားဖူးပြည်သူလူထုအား အကြမ်းဖက်အဖွဲ့များက ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းနှင့်ပတ်သက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ သဘောထားထုတ်ပြန်ချက်

## ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်

၁။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်၊ ကင်မွန်းချောင်း တောင်တက်ကားဂိတ်အား အောက်တိုဘာ ၁၂ ရက်နေ့ နံနက် ၁၀၄၅ နာရီခန့်တွင် KNU/KNLA တပ်မဟာ(၁) နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ကျိုက်ထိုမြို့နယ်၊ ဆောင်နိုင်ကြီးကျေးရွာဘက်မှ မော်တော်ယာဉ်တစ်စီးဖြင့်ရောက်ရှိလာပြီး လက်နက်ကြီး/လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ရက်စက်စွာ ပစ်ခတ်ခဲ့သည့်အတွက် ဘုရားဖူးပြည်သူ အမျိုးသမီး ၃ ဦးသေဆုံးခဲ့ပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

၂။ KNU/KNLA အနေဖြင့် နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဖြစ်ရာ လက်ရှိကာလတွင် တပ်မတော်နှင့် သဘောထားချင်း မတိုက်ဆိုင်သည့်တိုင်အောင် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ရမည့် တာဝန်ရှိရာ ယခုကဲ့သို့ သီတင်းကျွတ်ကာလ ကျိုက်ထီးရိုးဘုရားဖူးပြည်သူများ မော်တော်ယာဉ်စီးရန် စောင့်ဆိုင်းနေသည့် ကင်မွန်းချောင်း တောင်တက်ကားဂိတ်သို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ရက်စက်ယုတ်မာ ရိုင်းစိုင်းစွာ ပစ်ခတ်ခဲ့ခြင်းအား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချသည်။

၃။ NCA သဘောတူစာချုပ် အခန်း(၃)ပါ အရပ်သားများကို အကာအကွယ်ပေးခြင်းကဏ္ဍတွင်လည်း ပြည်သူလူထု စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးတို့ကို လိုအပ်သလို ပံ့ပိုးကူညီမှုများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်အပြင် ပြည်သူလူထုအပေါ်အကြမ်းဖက်ခြင်း၊ လူသားမဆန်စွာ ပြုမူဆက်ဆံခြင်း၊ သတ်ဖြတ်ခြင်းများ မပြုလုပ်ရန်နှင့် ပြည်သူလူထု၏ ဘာသာရေး၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ ထုံးတမ်းဆိုင်ရာထိန်းသိမ်းစောင့်ရှောက်မှုများကို နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းနှင့် ပျက်စီးစေခြင်းတို့အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မပြုလုပ်ရဆိုသည့် လိုက်နာရမည့်အချက်များကိုလည်း ဖောက်ဖျက်ကျူးလွန်ခဲ့ပြီး လက်နက်မဲ့ ပြည်သူများကို ရက်စက်စွာအကြမ်းဖက်ပြစ်မှုကျူးလွန်ခဲ့သူများကို ထိထိရောက်ရောက် အပြစ်ပေးအရေးယူရမည်ဖြစ်သည်။

၄။ ကျိုက်ထီးရိုးဆံတော်ရှင်စေတီ၊ ကင်မွန်းချောင်းတောင်တက်ကားဂိတ်ရှိ ဘုရားဖူးပြည်သူများအား အကြမ်းဖက်သမားများက အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ရာတွင် ၎င်းတို့လာရောက်ခဲ့သည့်နေရာဖြစ်သည့် ကျိုက်ထိုမြို့နယ်၊ ဆောင်နိုင်ကြီးကျေးရွာသည် KNU/ KNLA တပ်မဟာ (၁) က လွှမ်းမိုးသည့်နေရာဖြစ်သည်။ ၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ အကြမ်းဖက် PDF များကို စစ်သင်တန်းပေးခြင်း၊ အကြမ်းဖက်သင်တန်းပေးခြင်းပြုလုပ်ပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ပံ့ပိုးပေးနေသည့် KNU/KNLA အဖွဲ့၌ အဓိက တာဝန်ရှိသည်။ ဘုရားဖူးလာပြည်သူများ၊ ဒေသခံပြည်သူများ၏ ပြောကြားချက်နှင့် သက်သေခံချက်များအရလည်း ၎င်းတို့၌ အဓိကတာဝန်ရှိကြောင်းပေါ်လွင်သည်။

၅။ သို့ဖြစ်၍ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ရက်စက်စွာ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူအမျိုးသမီး ၃ ဦးသေဆုံးပြီး ၁၉ ဦး ဒဏ်ရာရရှိအောင် ပြုမူလုပ်ဆောင်ခဲ့သည့် NUG၊ CRPH အကြမ်းဖက်အဖွဲ့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် KNU/KNLA တပ်မဟာ(၁)မှ တပ်ဖွဲ့ဝင်များအား KNU/KNLA အဖွဲ့အနေဖြင့် အမြန်ဆုံး စုံစမ်းစစ်ဆေးဖော်ထုတ်၍ တရားဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်မှုများကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ**

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

## ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ ကြာသပတေးနေ့

၁။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီးသို့ တက်ရောက်ဖူးမြော်ကြမည့် ဘုရားဖူးပြည်သူအများအပြားရှိနေစဉ် ကင်မွန်းချောင်းတောင်တက်ယာဉ်စခန်းအား အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့လာရောက် ပစ်ခတ်မှုကြောင့် ဘုရားဖူးပြည်သူ ၃ ဦး သေဆုံးပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ ဗုဒ္ဓဘာသာဝင်ပြည်သူများ၏ ဝါကျွတ်အခါသမယတွင် ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကုသိုလ်ယူခြင်းနှင့် အေးချမ်းစွာသွားလာနေထိုင်ခြင်းများကို ပျက်စီးစေလိုသည့်သဘောထားဖြင့် ယခုကဲ့သို့ လူမဆန်သောအကြမ်းဖက်မှုများ ပြုလုပ်ခဲ့သည့် အကြမ်းဖက်အဖွဲ့အစည်းများအား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

# မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်း သဘောထားထုတ်ပြန်ချက်

## ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်

၁။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့ နံနက်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် တောင်ခြေကင်မွန်းစခန်း၊ တောင်တက်ကားဂိတ်အနီး၌ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ကျိုက်ထီးရိုးစေတီတော်သို့ ဘုရားဖူးလာကြသော အပြစ်မဲ့ဘုရားဖူးပြည်သူ ၃ ဦးသေဆုံးခြင်း၊ ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခြင်းများအတွက် မိသားစုနှင့်အတူ အထူးထပ်တူကြေကွဲ ခံစားရပါသည်။

၂။ မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသော ဘာသာမတူ လူမျိုးမတူ တိုင်းရင်းသားပေါင်းစုံသည် မိမိတို့ ယုံကြည်ရာ ဘာသာ/သာသနာကို လွတ်လပ်စွာကိုးကွယ်ယုံကြည်လျက်ရှိကြပြီး ငြိမ်းချမ်းစွာ ယှဉ်တွဲအတူနေထိုင်ကြသော နိုင်ငံအတွင်း ရဟန်းများ၊ သာသနာပြုပုဂ္ဂိုလ်များ၊ ဆရာ/ဆရာမများ၊ အပြစ်မဲ့ပြည်သူများအား လူမဆန်စွာ ပစ်ခတ်တိုက်ခိုက်ကြသည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းများကို မြန်မာ-အိန္ဒိယအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**မြန်မာ-အိန္ဒိယအပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်း**

# မွန်ပြည်နယ် သံဃနာယကအဖွဲ့ သဘောထားထုတ်ပြန်ချက်

၁။ ယနေ့ နံနက်ပိုင်းက မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကင်မွန်းချောင်း တောင်တက်ယာဉ်စခန်း၌ ကျိုက်ထီးရိုးဆံတော်ရှင်မြတ်စွာဘုရားအား ဖူးမြော်ကုသိုလ်ယူရန် ဘုရားဖူး ခရီးသွားပြည်သူများ စည်ကားလျက်ရှိစဉ် KNLA တပ်မဟာ(၁)နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လူမဆန်စွာ အကြောင်းမဲ့ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ဘုရားဖူးပြည်သူ ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၃ ဦးသေဆုံးခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့စွာကြားသိရပါသည်။

၂။ ယခုလို ဝါကျွတ်ကာလတွင် အေးချမ်းစွာ ဘုရားဖူးကုသိုလ်ယူနေသည့် အပြစ်မဲ့ဘုရားဖူး ပြည်သူများအား ပစ်မှတ်ထား၍ ပစ်ခတ်တိုက်ခိုက်သည့် အကြမ်းဖက်လုပ်ရပ်ကို ပြည်နယ်သံဃနာယကအဖွဲ့မှ စိတ်နှလုံးမချမ်းမြေ့ပါကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ဘဒ္ဒန္တသာသန(ဂန္ထဝါစကပဏ္ဍိတ) (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)**
**ဥက္ကဋ္ဌဆရာတော်၊ ပြည်နယ်သံဃနာယကအဖွဲ့**
**မွန်ပြည်နယ်၊ မော်လမြိုင်မြို့**

# မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

## ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၃) ရက်

၁။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော် ကင်မွန်းချောင်းတောင်တက်ယာဉ်စခန်းအား အောက်တိုဘာလ ၁၂ ရက်နေ့ နံနက်ပိုင်း၌ အကြမ်းဖက်သမားများက လက်နက်များဖြင့် ပစ်ခတ်မှုကြောင့် ဘုရားဖူးပြည်သူ ၃ ဦး သေဆုံးပြီး ၁၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော် ကုသိုလ်ကောင်းမှုပြုလုပ်ကြသော အပြစ်မဲ့ပြည်သူများကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည့် အကြမ်းဖက်သမားများအား ကန့်ကွက်ရှုတ်ချကြောင်းနှင့် ဤအကြမ်းဖက်လုပ်ရပ်ကြောင့် အသက်ဆုံးရှုံးခဲ့ကြသော ဘုရားဖူးပြည်သူများအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်မှ ဝမ်းနည်းကြေကွဲရပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

# မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

## ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်

၁။ ၂၀၂၂ခုနှစ် ၊ အောက်တိုဘာလ ၁၂ ရက် ၊ ဗုဒ္ဓဟူးနေ့၊ နံနက်ပိုင်းတွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကင်မွန်းချောင်း၊ တောင်တက်ကားဂိတ်၌ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ကျိုက်ထီးရိုးဘုရားဖူးပြည်သူ ၃ ဦး သေဆုံးပြီး ၁၉ ဦး ဒဏ်ရာရရှိကြကြောင်း စိတ်မချမ်းမြေ့ဖွယ်သိရှိရပါသည်။

၂။ ထိုအကြမ်းဖက်မှုကြောင့် ထိခိုက် သေဆုံး၊ ဒဏ်ရာရရှိကြသူများ၏ မိသားစုများနှင့်ထပ်တူ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ဝမ်းနည်းကြေကွဲရပါသည်။

၃။ ဘာသာသာသနာကိုးကွယ်ယုံကြည်မှုဆိုင်ရာကိစ္စများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းကို ပြင်းထန်စွာရှုတ်ချကြောင်း ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

# မြန်မာ – ရုရှား နှစ်နိုင်ငံ လျှပ်စစ်စွမ်းအင်ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး





**နေပြည်တော် အောက်တိုဘာ ၁၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် စွမ်းအင်ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးတို့သည် ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာ ဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ရုရှားကုမ္ပဏီများမှ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် JSC "Power Machines" ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် Mr. Alexander KONYUKHOV ဦးဆောင်သော အဖွဲ့နှင့်တွေ့ဆုံရာ Mr. Alexander KONYUKHOV က မိမိတို့ကုမ္ပဏီသည် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၌ Hydropower ၊ Atomic power နှင့် Thermal power များနှင့်ပတ်သက်၍ စက်ပစ္စည်းကိရိယာများ ထုတ်လုပ်လျက်ရှိပါကြောင်း၊ အခြားကမ္ဘာ့နိုင်ငံများနှင့် မြန်မာနိုင်ငံသို့လည်း တင်ပို့ပေးနိုင်ခဲ့ပါကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက JSC " Power Machines" ကုမ္ပဏီသည် Power Machines များစွာ ထုတ်လုပ်လျက်ရှိပြီး မြန်မာနိုင်ငံရှိ ရေအားလျှပ်စစ်စက်ရုံများအတွက်လည်း လိုအပ်သည့် စက်ပစ္စည်းများကို တင်ပို့ရောင်းချနိုင်ခဲ့သည်ကို သိရှိရပါကြောင်း၊ ဆက်လက်၍လည်း မြန်မာနိုင်ငံရှိ ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် Hydromatrix နှင့်ပတ်သက်ပြီး 6 MW ခန့်နှင့် Low Head နှင့်ပတ်သက်ပြီး 66 MW ခန့် ထွက်ရှိမည့် နေရာများ အသင့်ရှိသည့်အတွက် မြန်မာနိုင်ငံအတွင်းရှိ ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်သွားနိုင်ကြောင်းနှင့် နောင်ခရီးစဉ်များတွင် ရုရှားနိုင်ငံရှိ ရေအားလျှပ်စစ်စက်ရုံများသို့လည်း သွားရောက်လေ့လာလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားစွမ်းအင် ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာ ဖိုရမ်၏ Plenary Session တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင် မိန့်ခွန်းပြောကြားသည့် အခမ်းအနားသို့ တက်ရောက်သည်။ **(အပေါ်ပုံ)**



ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးသည် ရုရှားနိုင်ငံ GASPROM NEFT ကုမ္ပဏီမှ Deputy CEO For International Business ဖြစ်သူ Mr. Pavel Oderov နှင့် စွမ်းအင်ဆိုင်ရာ လုပ်ငန်းကိစ္စများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် Mr. Pavel Oderov မှ GASPROM NEFT က ကမ္ဘာအရပ်ရပ်တွင် ဆောင်ရွက်လျက်ရှိသော ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ လာရောက်ရှာဖွေတူးဖော်ရေးကိစ္စများ၊ ရေနံချက်စက်ရုံ၊ ဓာတ်မြေသြဇာစက်ရုံ၊ ရေနံလုပ်ငန်းသုံး ပစ္စည်းများအတွက် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်သော အခွင့်အလမ်းများကို ဖိတ်ခေါ်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးသည် TATNEFT ကုမ္ပဏီလက်အောက်ခံ TANECO ကုမ္ပဏီမှ Department for Oil and Gas Project Ouside Tatarstan ၏ ဌာနအကြီးအကဲ Mr. Aleksandr Fedorov နှင့်တွေ့ဆုံခဲ့ပြီး ရေနံချက်စက်ရုံလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံရေးကိစ္စများကို အသေးစိတ်ဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ ဦးမျိုးမြင့်ဦး၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်ရှိ Rosatom ကုမ္ပဏီ၏ ပြခန်းအစည်းအဝေးခန်းမတွင် Rosatom ကုမ္ပဏီ၏ Deputy Director General of State Atomic Energy Corporation ဖြစ်သူ Mr. Nikolai N. Spasskiy ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။ **(အောက်ဝဲပုံ)**

Rosatom ကုမ္ပဏီမှ Mr. Nikolai N. Spasskiy က ယခုကဲ့သို့ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား Russia Energy Week တွင် တွေ့ဆုံဆွေးနွေးခွင့်ရသည့်အပေါ် ဝမ်းသာပါကြောင်းနှင့် ယခင်ခရီးစဉ်အတွင်း တွေ့ဆုံမှုမှ ပူးပေါင်းဆောင်ရွက်နိုင်မှု အောင်မြင်ခြင်းအနေဖြင့် MOU ရေးထိုးနိုင်ခဲ့ပြီး အရှေ့ဖျားဖိုရမ်တွင် Road Map ကိုလည်း အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ယခုနှစ်ကုန်ပိုင်းတွင် ပထမဆုံးရလဒ်များ ထွက်ပေါ်လာနိုင်မည်ဟု မျှော်မှန်းထားပါကြောင်း၊ နောင်လာရောက်မည့်ခရီးစဉ်တွင်လည်း စိန့်ပီတာစဘတ်မြို့တွင် ဆောင်ရွက်ထားသည့် Generation 3 Plus နျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံကိုလည်း လေ့လာနိုင်ရေးနှင့် Information Center ကိုလည်း ပြသနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားမည့် နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကိစ္စတို့ကို မြန်မာနိုင်ငံတွင် ဆောလျင်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးနှင့် အခြားစက်မှုလက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မွန်ပြည်နယ်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ သဘောထားထုတ်ပြန်ချက်

၁။ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ကင်မွန်းချောင်းတောင်တက်ကားဂိတ်အား ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့၊ နံနက်ပိုင်းတွင် KNLA တပ်မဟာ (၁) နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လူမဆန်စွာဖြင့် လာရောက်ပစ်ခတ်ခဲ့ခြင်းကြောင့် ဘုရားဖူးပြည်သူ ၁၉ ဦး ဒဏ်ရာရရှိပြီး ၃ ဦး သေဆုံးခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ သိရှိရပါသည်။

၂။ သေဆုံးသူများ၊ ဒဏ်ရာရသူများနှင့် ကျန်ရစ်သောမိသားစုများအတွက် စာနာမိပါကြောင်းနှင့် များစွာစိတ်မကောင်းဖြစ်မိပါသည်။

၃။ ယခုကဲ့သို့ လက်နက်မဲ့ ဘုရားဖူးပြည်သူများအား လက်နက်ဖြင့် လာရောက်တိုက်ခိုက်ခြင်းမှာ လူသားဆန်သောလုပ်ရပ်မဟုတ်ပါ။

၄။ သို့ပါ၍ ဤလုပ်ရပ်အား မွန်ပြည်နယ်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

**မွန်ပြည်နယ်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့**

## မွန်ပြည်နယ်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း သဘောထားထုတ်ပြန်ချက်

၁။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၊ ကင်မွန်းချောင်း၊ တောင်တက်ကားဂိတ်အား အကြမ်းဖက်သောင်းကျန်းသူများမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လူမဆန်စွာ အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ပစ်ခတ်မှုကြောင့် ဘုရားဖူးပြည်သူ အမျိုးသမီး ၃ ဦး သေဆုံးခဲ့ပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ်ကြားသိရပါသည်။

၂။ သို့ပါ၍ ဘုရားဖူးလာပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာလှုပ်ရှားမှုကို မလိုလားသည့်သဘောဖြင့် အကြမ်းဖက်မှုပြုလုပ်ခဲ့သည့် သောင်းကျန်းသူများအား မွန်ပြည်နယ်၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းအနေဖြင့် လုံးဝ(လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် အကြမ်းဖက်မှုပြုလုပ်ခြင်းအားလုံးကို ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

**မွန်ပြည်နယ်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း**

## မွန်ပြည်နယ်သတင်းမှန်ပြန်ကြားရေးကော်မတီ သဘောထားထုတ်ပြန်ချက်

၁။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၊ ကင်မွန်းချောင်း တောင်တက်ကားဂိတ်အား ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့၊ နံနက်ပိုင်းတွင် KNLA တပ်မဟာ (၁) နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့လူမဆန်စွာဖြင့် လာရောက်ပစ်ခတ်ခဲ့ခြင်းကြောင့် ဘုရားဖူးပြည်သူ ၁၉ ဦး ဒဏ်ရာရရှိပြီး ၃ ဦး သေဆုံးခဲ့ကြောင်း စိတ်နှလုံး မချမ်းမြေ့စွာ သိရှိရပါသည်။

၂။ ဤကဲ့သို့ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ပစ်မှတ်ထားတိုက်ခိုက်သည့် အကြမ်းဖက်လုပ်ရပ်သည် စက်ဆုပ်ရွံရှာဖွယ် လူမဆန်သည့် လုပ်ရပ်ဖြစ်၍ မွန်ပြည်နယ်သတင်းမှန်ပြန်ကြားရေးကော်မတီအနေဖြင့် လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မွန်ပြည်နယ်သတင်းမှန်ပြန်ကြားရေးကော်မတီ**

၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့စံချိန်စံညွှန်းနေ့ ဂုဏ်ပြုဆောင်းပါး

# ပိုမိုကောင်းမွန်သောကမ္ဘာကြီးအတွက် အမြင်များမျှဝေပေးသော ကမ္ဘာ့စံချိန်စံညွှန်းနေ့

ရွှေမိုး (DRI)

**နိုင်ငံတိုင်းတွင် ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနားကို နှစ်စဉ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပလေ့ရှိပါသည်။ ကမ္ဘာ့စံချိန်စံညွှန်းနေ့ အခမ်းအနားဖြစ်ပေါ်လာရသည့် သမိုင်းကြောင်းမှာ** ၁၉၄၆ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် လန်ဒန်မြို့တွင် ကျင်းပခဲ့သော ပထမဆုံးအကြိမ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းအဖွဲ့ကြီး (International Organization for Standardization – ISO) ၏ အစည်းအဝေး ကျင်းပသည့် အဆိုပါနေ့ရက်အား ကမ္ဘာ့စံချိန်စံညွှန်းနေ့ အခမ်းအနားအဖြစ် အဖွဲ့ဝင် ၂၅ နိုင်ငံမှ ကိုယ်စားလှယ်များက သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ယခုချိန်တွင် အဖွဲ့ဝင်ပေါင်း ၁၆၇ နိုင်ငံအထိ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။



စံချိန်စံညွှန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်နှင့် မြန်မာစံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီဥက္ကဋ္ဌများ တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။

### အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ၏ အဓိကအခန်းကဏ္ဍကို အသိအမှတ်ပြုရန်

ကမ္ဘာ့စံချိန်စံညွှန်းနေ့ အခမ်းအနားကို ၁၉၇၀ ပြည့်နှစ်မှ စတင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှစတင်၍ ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနားကို ကျင်းပခဲ့ရာ ယခုနှစ်မှာ (၉)ကြိမ်မြောက်အဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းအဖွဲ့ (International



မြန်မာနိုင်ငံရှိ စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်းဝန်ဆောင်မှုများပေးနေသည့် တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံအဆောက်အအုံ။

Organization for Standardization – ISO)၊ အပြည်ပြည်ဆိုင်ရာ လျှပ်စစ်နည်းပညာကော်မရှင် (International Electro technical Commission– IEC) နှင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးသမဂ္ဂ (International Telecommunication Union– ITU) စသည့် အဖွဲ့အစည်းတို့မှ ထုတ်ဝေသည့် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများ အရေးပါပုံကို မီးမောင်းထိုးပြနိုင်ရန်၊ ကမ္ဘာ့အဆင့်နိုင်ငံများအကြား ကုန်သွယ်ရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သိပ္ပံနှင့် နည်းပညာဖလှယ်မှုများနှင့် ဆန်းသစ်တီထွင်မှုများ မြှင့်တင်ရာမှာ ဤအပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ၏ အဓိကအခန်းကဏ္ဍကို အသိအမှတ်ပြုရန်၊ နိုင်ငံတကာ၊ ဒေသတွင်းနှင့် အမျိုးသားအဆင့် စံသတ်မှတ်ချက်များတွင် ကမ္ဘာတစ်ဝန်းလုံးတွင်ရှိသည့် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ နယ်ပယ်များတွင် တာဝန်ယူဆောင်ရွက်နေသော ပညာရှင်များနှင့် ကျွမ်းကျင်ပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုရန်၊ ကုန်စည်ဝန်ဆောင်မှုများနှင့် ကုန်သွယ်မှုအဆင်ပြေချောမွေ့စေရန်နှင့် စံချိန်စံညွှန်းများဖြင့် ကိုက်ညီစွာထုတ်လုပ်ရာတွင် ၎င်းတို့၏ ကြိုးပမ်းမှုရလဒ်များကို ချီးကျူးရန်အတွက် ကျင်းပခြင်းလည်း ဖြစ်ပါသည်။

ကမ္ဘာ့စံချိန်စံညွှန်းနေ့၏ ရည်မှန်းချက်မှာ ကမ္ဘာ့စီးပွားရေးအသိုက်အဝန်းတွင် စံချိန်စံညွှန်းများ၏ အရေးကြီးခြင်းကို ပိုမိုသိရှိနားလည်စေရန်နှင့် စီးပွားလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ အစိုးရနှင့် စားသုံးသူများ၏ လိုအပ်ချက်များကို စံချိန်စံညွှန်းကဏ္ဍဖြင့် အကူအညီပေးခြင်းဖြင့် မြှင့်တင်ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။

ထိုသို့ကျင်းပရာတွင် နှစ်စဉ်နှစ်တိုင်း ဆောင်ပုဒ်များချမှတ်၍ ကျင်းပလျက်ရှိရာ ယခုနှစ် ဆောင်ပုဒ်မှာ ISO, IEC နှင့် ITU တို့က ရွေးချယ်ခဲ့သည့် ဆောင်ပုဒ်ကတော့ **"ပိုမိုကောင်းမွန်သော ကမ္ဘာကြီးအတွက် အမြင်မျှဝေခဲ့ခြင်း"** (Shared Vision for a Better World) ဖြစ်ပါသည်။ ဒီဆောင်ပုဒ်အရ ပိုမိုကောင်းမွန်သော၊ တရားမျှတ၍ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာတစ်ခုရရှိရန်မျှော်မှန်း၍ ပျော်ရွှင်နိုင်ပြီး အနာဂတ်မျိုးဆက်များအတွက် ကာကွယ်ပေးသော ကမ္ဘာကြီးအား တည်ဆောက်ရန် (Standards for Sustainable Development Goals – SDGs) အရ ရည်ရွယ်ခြင်းလည်း ဖြစ်ပါသည်။ တိုးတက်လာသော နိုင်ငံအတော်များများတွင် ပိုမိုကောင်းမွန်သော ကျန်းမာရေး၊ လုံခြုံမှုနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်မှုအတွက် စားသုံးသူများ၏ တောင်းဆိုချက်များကို တုံ့ပြန်သည့်အနေဖြင့် ထုတ်ကုန်သစ်စံချိန်စံညွှန်းများကို မိတ်ဆက်ခဲ့ကြသည့် ရည်ရွယ်ချက်ကောင်းရှိသော်လည်း အဆိုပါစံချိန်စံညွှန်းများစွာသည် ကုန်သွယ်မှုတွင် နည်းပညာဆိုင်ရာ အတားအဆီးများ(Technical Barriers To Trade–TBT) အဖြစ်သို့ပြောင်းလဲသွားပါသဖြင့် အဆိုပါအတားအဆီးများသည် ထုတ်လုပ်သူများနှင့် ကုန်သည်များအတွက် မဖြစ်မနေ စမ်းသပ်စစ်ဆေးခြင်း (Mandatory Testing) နှင့် အရည်အသွေးစစ်ဆေးခြင်း လိုအပ်ချက်များ (Certification Requirements) စသည်တို့ဖြစ်သဖြင့် ကုန်ကျစရိတ်မြင့်စေပြီး ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုကိုအဟန့်အတားဖြစ်စေတတ်ပါသည်။ ထို့ကြောင့် ကုန်သွယ်မှုတွင် နည်းပညာအတားအဆီးများကို လျှော့ချနိုင်ရန် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့် ကိုက်ညီစွာ ဆောင်ရွက်ခြင်းသည်လည်း အရေးကြီးပါသည်။

ISO အဖွဲ့ကြီးအနေနှင့်လည်း ISO ၏ လုပ်ငန်းစဉ်များ အားသာချက်၊ အားနည်းချက်များကို ညှိနှိုင်းအဖြေရှာရန်၊ အမြင်ခြင်းဖလှယ်ရန် ဦးစီးဦးဆောင်ကော်မတီများမှာ အဖွဲ့ဝင်နိုင်ငံများက ပါဝင်ဆောင်ရွက်ဖို့၊ ISO အဖွဲ့ကြီး၏ Action Plan for Developing Countries Program (၂၀၂၁– ၂၀၂၅) အရ အကောင်အထည်ဖော်လျက်ရှိပြီး အဖွဲ့ဝင်နိုင်ငံများ၏ ရပိုင်ခွင့်များ သာတူညီမျှရှိစေရန် ISO အဖွဲ့ကြီး၏ ISO Annual Meeting ( Genera Assembly ) ကို နှစ်စဉ်ကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံမှလည်း တက်ရောက်ဆွေးနွေးလျက်ရှိသည်။ ISO ၏ လုပ်ငန်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများသို့ အသိပညာမျှဝေနိုင်သလို ကိုယ့်နိုင်ငံတွင်းမှာလည်း အဆိုပါအသိပညာများကို မျှဝေခြင်းဖြင့် စံချိန်စံညွှန်း၏ အကျိုးကျေးဇူးများကို နားလည်နိုင်ပြီး (Collaboration for Good) ၏ အနှစ်သာရကို ဖော်ဆောင်နိုင်မည်ဖြစ်သည့်အတွက် ဂုဏ်ယူစရာကောင်းပြီး **ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနားမှာ** ISO ၏ ဆောင်ရွက်မှုများနှင့် နိုင်ငံတွင်း အရည်အသွေးကိုက်ညီမှုဆိုင်ရာအစီအစဉ်များကို ဆွေးနွေးပြောကြားခြင်း၊ အသိပညာပေးခြင်း၊ ပိုစတာပြပွဲများ ခင်းကျင်းပြသခြင်းများကို နိုင်ငံအလိုက် အမျိုးသားစံချိန်စံညွှန်းအဖွဲ့များက တာဝန်ယူကျင်းပကြပါသည်။

### နည်းပညာအသစ်များသည် အသိဉာဏ်ပညာနှင့် ကမ္ဘာလုံးဆိုင်ရာတီထွင်ဆန်းသစ်မှုကို ပျံ့နှံ့စေနိုင်

**စံချိန်စံညွှန်းသည် အသွင်ကူးပြောင်းရေးကာလတွင် အရေးကြီးသောကဏ္ဍမှာ ပါဝင်နေပြီး စံချိန်စံညွှန်းများမရှိဘဲ ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့်တင်နိုင်မည် မဟုတ်သောကြောင့် တီထွင်သူများသည် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများဖြစ်သော ISO, IEC, ITU စသည့် စံချိန်စံညွှန်းများကို ကိုးကားပြီး ရေးဆွဲနိုင်ခြင်းဖြင့် အဆိုပါ နည်းပညာအသစ်များသည် အသိဉာဏ်ပညာနှင့် ကမ္ဘာလုံးဆိုင်ရာတီထွင်ဆန်းသစ်မှုကို ပျံ့နှံ့စေရန် ဆောင်ရွက်နိုင်သောအရာများ ဖြစ်ပါသည်။**

စတုတ္ထစက်မှုအသွင်ကူးပြောင်းရေး (Fourth Industrial Revelation) ဆောင်ရွက်ရာတွင် စိန်ခေါ်မှုမြောက်မြားစွာရှိပြီး စက်ရုပ်နှင့် ဖန်တီးထားသော အသိပညာများသည် ပိုမိုကောင်းမွန်လာပြီး လူအများကဲ့သို့ ဆောင်ရွက်နိုင်ပြီး အရာအားလုံးကို ဒစ်ဂျစ်တယ်နည်းပညာအားဖြင့် ဆက်သွယ်ထားပါသည်။ ဥပမာအားဖြင့် စတုတ္ထစက်မှုအသွင်ကူးပြောင်းရေး ဆိုသည်မှာ Smart Technology များကို သုံးစွဲခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများသည် အန္တရာယ်ကိုလျှော့ချပြီး လုံခြုံစိတ်ချမှုကို သေချာစေသော အားကောင်းသော နည်းလမ်းများ ဖြစ်ပါသည်။

*စာမျက်နှာ ၁၃ သို့*

- ❖ **မြန်မာစံချိန်စံညွှန်းများ ချမှတ်နိုင်ခြင်းဖြင့် ဈေးကွက်စီးပွားရေးကို လွယ်ကူချောမွေ့စေရန် ထောက်ပံ့ပေးနိုင်ခြင်း၊ ထုတ်ကုန်များအရည်အသွေးကို မြှင့်တင်ပေးနိုင်ခြင်း၊ ပြည်သူလူထု၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသော ထုတ်ကုန်များကို အသုံးပြုနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ခြင်း စသည့်အခန်းကဏ္ဍများကို သိသာထင်ရှားစွာ အထောက်အပံ့ဖြစ်စေနိုင်မည်**
- ❖ **မြန်မာစံချိန်စံညွှန်းများသည် မြန်မာနိုင်ငံ၏ ထုတ်ကုန်များအတွက် ကြီးမားသောဈေးကွက်ကို ရရှိအောင် အထောက်အပံ့ပေးနိုင်ခြင်းနှင့် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် ဆောင်ရွက်ပေးနိုင်မည်**

စာမျက်နှာ ၁၂ မှ




နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့အစည်းခေါင်းဆောင်များနှင့်အတူ မြန်မာနိုင်ငံ စံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ် တက်ရောက်သည့် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံတွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းအဖွဲ့အစည်း (International Standards Organization–ISO) ၏ ၂၀၂၂ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးတွင် အခမ်းအနားတက်ရောက်သူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။




အာဆီယံစံချိန်စံညွှန်းအဖွဲ့အစည်းခေါင်းဆောင်များနှင့်အတူ မြန်မာနိုင်ငံ စံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာတာဝန်ခံပုဂ္ဂိုလ် (သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်)တက်ရောက်သည့် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံတွင်ကျင်းပသော အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းအဖွဲ့အစည်း (International Standards Organization–ISO) ၏ ၂၀၂၂ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးတွင် အခမ်းအနားတက်ရောက်သူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။။

အခြားအမျိုးသားစံချိန်စံညွှန်းအဖွဲ့များကဲ့သို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနသည် နိုင်ငံ၏ ISO Member Body အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ISO အဖွဲ့ကြီး၏ တာဝန်နှင့်ဝတ္တရားများကို နိုင်ငံတော်အဆင့် လိုက်ပါအကောင်အထည်ဖော်လျက်ရှိပါသည်။ ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနားကို ကျင်းပခြင်းဖြင့် မြန်မာစံချိန်စံညွှန်းများ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန်နှင့် ပါဝင်ဆောင်ရွက်မှုကို ဖော်ပြခြင်းလည်းဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း စံချိန်စံညွှန်းဆိုင်ရာသတ်မှတ်ခြင်းဥပဒေ ၂၀၁၄ အရ ဖွဲ့စည်းထားသည့် အမျိုးသားစံချိန်စံညွှန်းကောင်စီ၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းထားသည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ Stakeholders များ ပါဝင်သော စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာကော်မတီ ၂၅ ခုမှ မြန်မာစံချိန်စံညွှန်းများကို အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများအား ကိုးကားချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ မြန်မာစံချိန်စံညွှန်းပေါင်း ၆၉၈ ထွက်ရှိပြီးဖြစ်ပါသည်။

**ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်ကိုက်ညီစေရန် ဆောင်ရွက်ပေးနိုင်**

မြန်မာစံချိန်စံညွှန်းများ ချမှတ်နိုင်ခြင်းဖြင့် ဈေးကွက်စီးပွားရေးကို လွယ်ကူချောမွေ့စေရန် ထောက်ပံ့ပေးနိုင်ခြင်း၊ ထုတ်ကုန်များအရည်အသွေးကို မြှင့်တင်ပေးနိုင်ခြင်း၊ ပြည်သူလူထု၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသော ထုတ်ကုန်များကို အသုံးပြုနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ခြင်း စသည့်အခန်းကဏ္ဍများကို သိသာထင်ရှားစွာ အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပါသည်။ မြန်မာစံချိန်စံညွှန်းများသည် မြန်မာနိုင်ငံ၏ ထုတ်ကုန်များအတွက် ကြီးမားသော ဈေးကွက်ကို ရရှိအောင် အထောက်အပံ့ပေးနိုင်ခြင်းနှင့် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

အမျိုးသား၊ ဒေသတွင်းနှင့် နိုင်ငံတကာအဆင့် စံချိန်စံညွှန်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှု စံချိန်စံညွှန်းလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြသော ပညာရှင်များအားလုံး၏ တည်တံ့ခိုင်မြဲသော ကြိုးစားအားထုတ်မှုများအတွက် ကျေးဇူးတင်ကြောင်းနှင့် နိုင်ငံတကာ အရည်အသွေးကိုက်ညီမှုဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ကိုက်ညီစွာဆောင်ရွက်ခြင်းဖြင့် ဈေးကွက်များဖြေလျှော့ခြင်း၊ စားသုံးသူ/သုံးစွဲသူများ ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ ပြည်ပပို့ကုန် မြှင့်တင်နိုင်ခြင်း၊ ပြည်တွင်းထုတ်ကုန်များ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ခြင်း၊ ကုန်သွယ်မှုအတွက် နည်းပညာဆိုင်ရာ အတားအဆီးများကို ဖယ်ရှားခြင်းစသည့် အကျိုးကျေးဇူးများရရှိစေရန်အတွက် အသိပညာဖြန့်ဝေပေးနိုင်သည့် ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနား (၂၀၂၂)အား ကျင်းပခြင်းဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများမှ အသုံးချမှု မြင့်မားလာစေရန် ပူးပေါင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်သောကြောင့် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းအဖွဲ့ကြီးနှင့် မြန်မာနိုင်ငံ၏ အမျိုးသားစံချိန်စံညွှန်းကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာစံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား လှိုက်လှဲစွာကျေးဇူးတင်ဂုဏ်ပြုပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၀ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၁၅ | ၂၀၃၅ | ၂၀၂၀ | ၂၀၀၀ | ၂၀၉၅ | ၂၁၁၀ | ၂၀၀၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၀ | ၂၂၇၀ | ၂၇၇၀ |
| 95 Ron | ၂၀၃၅ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၅ | ၂၀၈၀ | ၂၁၀၅ | ၂၀၉၀ | ၂၀၇၀ | ၂၁၆၀ | ၂၁၇၅ | ၂၀၇၅ | ၂၀၉၀ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၀ | ၂၃၄၀ | ၂၈၅၅ |
| HSD (500 ppm) | ၂၇၀၀ | ၂၇၅၅ | ၂၇၅၅ | ၂၇၁၅ | ၂၇၅၅ | ၂၇၇၅ | ၂၇၇၅ | ၂၇၄၀ | ၂၈၅၅ | ၂၈၅၀ | ၂၇၅၀ | ၂၇၅၅ | ၂၇၉၀ | ၂၇၉၅ | ၂၇၉၅ | ၃၀၁၅ | ၃၄၈၅ |
| HSD (50 ppm) | ၂၇၈၅ | ၂၈၃၀ | ၂၈၃၀ | ၂၇၉၅ | ၂၈၃၀ | ၂၈၅၅ | ၂၈၅၀ | ၂၈၁၅ | ၂၉၃၀ | ၂၉၂၅ | ၂၈၂၅ | ၂၈၃၅ | ၂၈၆၅ | ၂၈၇၀ | ၂၈၇၀ | ၃၀၉၀ | ၃၅၂၀ |
| HSD (10 ppm) | ၂၇၈၅ | ၂၈၃၀ | ၂၈၃၀ | ၂၇၉၅ | ၂၈၃၀ | ၂၈၅၅ | ၂၈၅၀ | ၂၈၁၅ | ၂၉၃၀ | ၂၉၂၅ | ၂၈၂၅ | ၂၈၃၅ | ၂၈၆၅ | ၂၈၇၀ | ၂၈၇၀ | ၃၀၉၀ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၀ | ၁၉၄၁ |
| 95 Ron | ၁၉၃၇ | ၂၀၀၉ |
| HSD (500 ppm) | ၂၅၉၃ | ၂၆၇၄ |
| HSD (50 ppm) | ၂၆၆၄ | ၂၇၄၇ |
| HSD (10 ppm) | ၂၆၆၄ | ၂၇၄၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ယခုဆောင်းရာသီ၌ ကိုဗစ်-၁၉ နှင့် တုပ်ကွေးရောဂါနှစ်မျိုးလုံး ဖြစ်ပွားနိုင်မှုကို ကြိုတင်ပြင်ဆင်ရန် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါး တိုက်တွန်း

တိုကျို အောက်တိုဘာ ၁၃

**ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါးသည် ယခုဆောင်းရာသီ၌ ကိုဗစ်-၁၉ ရောဂါနှင့် တုပ်ကွေးရောဂါဖြစ်ပွားနိုင်ခြေအတွက် ကြိုတင်ပြင်ဆင်ရန် ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသတွင်းအစိုးရများကို တိုက်တွန်းထားကြောင်း သိရသည်။**

အစိုးရတာဝန်ရှိသူများသည် ရောဂါတစ်ပြိုင်နက်တည်း ဖြစ်ပွားနိုင်မှုနှင့် ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရေး အစီအမံများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပသည်။

ပြည်သူများ လူမှုစီးပွားလုပ်ငန်းများ ပြန်လည်စတင်နိုင်စေရေး သေချာစေရန် အစိုးရကသိပ္ပံနည်းကျ အထောက်အထားများကို အသုံးပြုမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများသည် အနာဂတ်တွင် ဖြစ်ပွားနိုင်သည့်ရောဂါများကို ကိုင်တွယ်ဖြေရှင်းရန် ကြိုတင်ပြင်ဆင်ရာတွင် ရှေ့တစ်လှမ်းတိုးရန် လိုအပ်ကြောင်း ဝန်ကြီးချုပ် ကီရှီဒါးက ပြောကြားသည်။

ကာကွယ်ဆေးထိုးခြင်း၊ အွန်လိုင်းဝန်ဆောင်မှုများနှင့် ကိုဗစ်-၁၉ မူဝါဒသစ်များ အကောင်အထည်ဖော်ခြင်းအပါအဝင် ဂျပန်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို ချဲ့ထွင်ရန် အစိုးရက လုပ်ဆောင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆက်လက် ပြောကြားသည်။

ပြီးခဲ့သည့်လက ကိုဗစ်-၁၉ လူနာများအတွက် ကန့်သတ်ချက်များ ဖြေလျှော့ရန် အစိုးရက ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါး။

## ထိုင်းနိုင်ငံ၌ ကြောက်မက်ဖွယ်ပစ်ခတ်သတ်ဖြတ်မှုများကို ရှောင်ရှားရန် လက်နက်နှင့်မူးယစ်ဆေး ထိန်းချုပ်မှုများလုပ်ဆောင်သွားမည်

**ဘန်ကောက် အောက်တိုဘာ ၁၃**

ပြီးခဲ့သည့် သီတင်းပတ်အတွင်း ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဂေဟာ၌ ကြောက်မက်ဖွယ်ပစ်ခတ်သတ်ဖြတ်မှုကြီး အပြီးတွင် လက်နက်နှင့် မူးယစ်ဆေးထိန်းချုပ်မှုများကို ထိုင်းအစိုးရက လုပ်ဆောင်သွားရန် စီစဉ်လျက်ရှိသည်ဟု သိရသည်။

ပြီးခဲ့သည့် သီတင်းပတ်ကြာသပတေးနေ့က ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်းရှိ ကလေးသူငယ်စောင့်ရှောက်ရေး ဂေဟာတွင် ရဲအရာရှိဟောင်းတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခြင်းနှင့် ဓားဖြင့်တိုက်ခိုက်မှုများ ကျူးလွန်ခဲ့သည်။ ၎င်း၏ လက်ချက်ဖြင့် ကလေး ၂၄ ဦးအပါအဝင် လူပေါင်း ၃၆ ဦး သေဆုံးခဲ့ရသည်။ ယင်းသို့ ကျူးလွန်ခဲ့သူမှာ မူးယစ်ဆေးလက်ဝယ်ထားရှိမှုမှတ်တမ်းရှိသူလည်းဖြစ်သည်။ ၎င်းအသုံးပြုခဲ့သည့် သေနတ်ကလည်း တရားဝင်ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ၎င်း၏ ယခင်လုပ်ငန်းခွင်မှ ယူဆောင်လာခြင်း မဟုတ်ဟု ရဲများက ပြောသည်။

လက်နက်နှင့် မူးယစ်ဆေးဝါးထိန်းချုပ်မှု ပြုလုပ်ရန်အတွက် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာသည် အောက်တိုဘာ ၁၂ ရက်တွင် ဝန်ကြီးအဆင့် အစည်းအဝေးပြုလုပ်ခဲ့သည်။ လက်နက်ကိုင်ဆောင်ခွင့် လိုင်စင်လျှောက်ထားသူသည် စိတ်ပိုင်းဆိုင်ရာ စစ်ဆေးမှုကို ပြုလုပ်ရန်လိုအပ်ကြောင်းနှင့် နှစ်စဉ်သုံးနှစ်မှ ငါးနှစ်တစ်ကြိမ် စိတ်ပိုင်းဆိုင်ရာအကဲဖြတ်မှုကို လုပ်ဆောင်သွားရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ မူးယစ်ဆေးမှောင်ခိုသမားများကိုလည်း ပြင်းထန်သည့်အပြစ်ပေးမှုများပြုလုပ်သွားရန် သဘောတူခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ**




ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ အစည်းအဝေးတစ်ခု၌ မိန့်ခွန်းပြောနေသည်ကို တွေ့ရစဉ်။

## ပါကစ္စတန်နိုင်ငံ ဆင်းပြည်နယ်၌ ဘတ်စ်ကားမီးလောင်မှုဖြစ်ပွား ကလေး ရှစ်ဦး အပါအဝင် ၁၈ ဦးသေဆုံး

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၃**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဂျမ်ရှိုရိုခရိုင်၌ အောက်တိုဘာ ၁၂ ရက် ညပိုင်းက ခရီးသည်တင်ဘတ်စ်ကားတစ်စီး မီးလောင်မှုဖြစ်ပွားပြီးနောက် ကလေး ရှစ်ဦးအပါအဝင် ၁၈ ဦးထက်မနည်း သေဆုံးပြီး ၂၈ ဦးဒဏ်ရာရရှိကြောင်း အောက်တိုဘာ ၁၃ ရက်တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ဘတ်စ်ကားမှာ ဆင်းပြည်နယ် ဂျမ်ရှိုရိုခရိုင် နိုရီယာဘက်ဒေသသို့ ရောက်ရှိချိန်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဝယ်ဂျစ်သဟီရမ်ဒေမှ ဒုတိယရဲမှူးက မီဒီယာများကို ပြောကြားသည်။ ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ ကနဦးစုံစမ်းစစ်ဆေးမှုအရ ဘတ်စ်ကား၏ လေအေးပေးစက်စနစ်ချွတ်ယွင်းမှုဖြစ်ပွားခြင်းကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရီးသည်တင်ဘတ်စ်ကားသည် ဆိပ်ကမ်းမြို့ ကရာချိမှ ဒါဒူခရိုင်ရှိ ကိုင်းပူနာသမ်ရက်ဒေသသို့ သွားရာလမ်းတွင် မီးလောင်မှုဖြစ်ပွားကြောင်း၊ အခင်းဖြစ်ပွားရာနေရာသို့ ရဲတပ်ဖွဲ့၊ ကယ်ဆယ်ရေးအဖွဲ့များနှင့် မီးသတ်သမားများ ရောက်ရှိလာကာ မီးငြိမ်းသတ်နိုင်ခဲ့ပြီး သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများကို ဂျမ်ရှိုရိုခရိုင် လီရာကွတ် တက္ကသိုလ်ဆေးရုံသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ဘတ်စ်ကားပေါ်တွင် ခရီးသည် ၅၅ ဦးလိုက်ပါလာကြောင်း သိရသည်။

**ဆင်ဟွာ**

## ဝါရှင်တန်၌ ဂျီ - ၂၀ ဘဏ္ဍာရေးခေါင်းဆောင်များ တွေ့ဆုံ

**ဝါရှင်တန် အောက်တိုဘာ ၁၃**

ဂျီ -၂၀ အဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်အုပ်ချုပ်သူများသည် ဝါရှင်တန်မြို့၌ အောက်တိုဘာ ၁၂ ရက်က နှစ်ရက်ကြာအစည်းအဝေးကို ပြုလုပ်ခဲ့သည်ဟု သိရသည်။ ကမ္ဘာတစ်လွှား ငွေကြေးမတည်မငြိမ်ဖြစ်မှုများနှင့် ငွေကြေးဖောင်းပွမှုများကြောင့်ဖြစ်ပေါ်လာသည့် သက်ရောက်မှုများကို ဆွေးနွေးရန် စုဝေးခဲ့ကြခြင်းဖြစ်သည်။

အမေရိကန်၌ အတိုးနှုန်းဆက်လက်တက်နေခြင်းကြောင့် ကမ္ဘာ့စီးပွားရေး တိုးတက်မှုကို နှေးကွေးစေနိုင်ပြီး နောက်ထပ်ငွေကြေးဖောင်းပွမှုများ ဖြစ်ပေါ်လာနိုင်သည်ဟုလည်း ဆွေးနွေးခဲ့ကြသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် မူဝါဒတင်းကျပ်မှုများကြောင့် ကမ္ဘာ့အနှံ့ လှိုင်းဂယက်များ ဖြစ်ပေါ်လာနိုင်သည်ကို သတိထားရမည်ဟု ဂျပန်ဘဏ္ဍာရေးဝန်ကြီး ဆူဇူကီးရှုနီချီက ပြောသည်။

ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံများမှ ဂျီ-၇ အဖွဲ့ဝင် နိုင်ငံများ၏ ဘဏ္ဍာရေးဝန်ကြီးများသည် ယင်းနေ့အစောပိုင်းကလည်း တွေ့ဆုံခဲ့ကြပြီးဖြစ်သည်။ ယခုနှစ်အတွင်း ကမ္ဘာ့အနှံ့ ငွေကြေး မတည်မငြိမ်ဖြစ်မှုများ တိုးလာသည်ကို သတိထားရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**




အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ခရစ်စတယ်လီနာဂျော်ဂျီဗာ(ယာ) နှင့် အမေရိကန် စီးပွားရေးပညာရှင် ဂျွန်လစ်စကီတို့သည် အောက်တိုဘာ ၁၂ ရက်က တွေ့ဆုံဆွေးနွေးကြစဉ်။

## သွေးလွန်တုပ်ကွေးဖြစ်ပွားမှု များပြားလာသည့်အတွက် နယူးဒေလီရှိဆေးရုံများ၌ ဆေးရုံခုတင်များ ထပ်တိုးထားရန် ညွှန်ကြားထား

**နယူးဒေလီ အောက်တိုဘာ ၁၃**

သွေးလွန်တုပ်ကွေး ရောဂါကူးစက်မှုများပြားလာသည့်အတွက် နယူးဒေလီမြို့ရှိ ပုဂ္ဂလိကနှင့် အစိုးရဆေးရုံများ၌ ဆေးရုံခုတင်များ ထပ်တိုးပြင်ဆင်ထားရန် ဒေလီအစိုးရက ညွှန်ကြားထားသည်ဟု အာဏာပိုင်များက အောက်တိုဘာ ၁၂ ရက်က ပြောကြားသည်။

ဆေးရုံများ၌ ကိုဗစ် -၁၉ လူနာနှင့် သွေးလွန်တုပ်ကွေးလူနာများအတွက် လူနာခုတင်များ ထပ်တိုးထားရန် လိုအပ်လျက်ရှိသည်။ ဒေလီအစိုးရသည် ဆေးရုံများတွင်သတိပေးမှု ပြုလုပ်ထားပြီး အခြေအနေတစ်ခုလုံးကို စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိသည်ဟု ဒေလီမြို့ ဒုတိယဝန်ကြီးချုပ် မန်နစ်ရှ်ဆီဆိုဒီယာက ပြောသည်။

ဒေလီမြို့၌ ပြီးခဲ့သည့်သီတင်းပတ်အတွင်း သွေးလွန်တုပ်ကွေးနောက်ထပ်ကူးစက်ခံရသူ ၃၂၁ ဦး ထပ်တိုးလာခဲ့သည့်အတွက် သွေးလွန်တုပ်ကွေးကူးစက်ခံရသူပေါင်း ၁၂၅၈ ဦး ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁၀ တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ တစ်ဦး ရှိ

**(၁၃-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ် – ၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ် – ၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၄၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၁၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၈၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၂၁၉,၃၇၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ် – ၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၇,၆၃၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၉၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၁,၅၉၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါဖြင့် သေဆုံးသူ တစ်ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၆၉) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း)မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည် ရောဂါအခံ တစ်ခုခု ရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်း မရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များထံမှ သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံမှုကို ခံယူမှုမရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် မိမိတွင်ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသော အယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများကို လာရောက်မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်ခဲရှိခြင်းတို့ကြောင့်ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါစသည့် နာတာရှည် ရောဂါအခံ တစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန်နှင့် ၎င်းတို့၏မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါ နာတာရှည်ရောဂါအခံ တစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်–၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့် ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက် ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၁၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၆၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၆၃ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၁၁၇၂ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၃၉၉၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် လေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊



မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံ ပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရွှေသောင်ယံမြို့ သဲကုန်းကျေးရွာအုပ်စု၌ ကိုဗစ် - ၁၉ ကာကွယ်ဆေး အပိုဆောင်းထိုးနှံ

**ရွှေသောင်ယံ အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ သဲကုန်းအုပ်စု ကျူတောကျေးရွာ အသင်းတော်ခန်းမဆောင်၌ ယနေ့နံနက် ၉ နာရီမှစ၍ ပြည်သူများအား ကိုဗစ်ကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးလျက်ရှိသည်။

အဆိုပါကာကွယ်ဆေးများ ထိုးနှံရာတွင် ရွှေသောင်ယံမြို့ သပေါ့ကန်ကျေးလက်ကျန်းမာရေးဌာနအောက်ရှိ ဆရာ ဆရာမများက ကိုဗစ်ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ထိုးနှံပေးလျက်ရှိကြောင်း၊ သဲကုန်းကျေးရွာအုပ်စုအတွင်း ကျူတောကျေးရွာမှ ပြည်သူများ လာရောက်ထိုးနှံကြကြောင်း၊ ကာကွယ်ဆေးထိုးနှံရမည့် ပြည်သူများကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက လိုက်လံနှိုးဆော်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံရာတွင် ရွှေသောင်ယံမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ သပေါ့ကန်ကျေးလက်ကျန်းမာရေးဌာနအောက်ရှိ ကျန်းမာရေးဝန်ထမ်းများ၊ သဲကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းဆောင်ရွက်ကြကြောင်း သိရသည်။

ရွှေသောင်ယံ(ပြန်/ဆက်)

**အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

# ဇာတ်သမားလာလျှင် မှတ်သားစရာပါရမည်၊ ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်ရမည်

**စန်းနီလာဝင်း**



လန်ချန်း-မဲခေါင်ရုပ်သေးပွဲတော် (Puppet Festival of Lancang-Mekong) ဖွင့်ပွဲအခမ်းအနားကို မတ် ၃၀ ရက် နံနက်ပိုင်းက မန္တလေးမြို့ မြနန်းဘုံစံရတနာပုံခန်းမ၌ Vitual စနစ်ဖြင့် ကျင်းပစဉ်။

သရေခေတ္တရာ ဧကရာဇ်နိုင်ငံတော်ခေတ်ဖြစ်သော ပျူခေတ်ကပင် အနုသုခုမသဘင် ထွန်းကားခဲ့သည်။ မဇ္ဈိမတိုင်း အိန္ဒိယပြည်မှ တူရိယာများ၊ စိန့်တိုင်းတရုတ်ပြည်မှ တူရိယာများကို ပျူတို့သည် မိမိတို့၏ မူပိုင်တူရိယာများဖြစ်သော နှဲ၊ ပတ်သာ၊ စည်းစုပ် စသည်တို့နှင့် ပေါင်းစပ်သီဆိုတီးမှုတ် ကပြခဲ့ကြသည်။

ပုဂံခေတ်သို့ရောက်လာသောအခါ အနုသုခုမ သဘင်ပညာဆိုင်ရာ ပစ္စည်းများမှာ ယခင်ကထက် များစွာပြည့်စုံလာခဲ့သည်။ ပုဂံဘုရားများ၏ နံရံများ၌ ရေးဆွဲထားခဲ့သော နန်းတွင်းကချေသည်ပုံများ၊ အမျိုးသမီးဂီတပညာရှင်များ၏ပုံများကို မြင်တွေ့ရသည်။ ပုဂံခေတ်က ရေးထိုးထားခဲ့သော ကျောက်စာများကို လေ့လာကြည့်ခြင်းအားဖြင့် ပုဂံခေတ် အနုသုခုမပညာရှင်တို့၏ လုပ်ငန်းဆောင်တာများကို တွေ့မြင်ရသည်။

**ပဒေသရာဇ်ခေတ်က အနုသုခုမသဘင်**

ပင်းယ၊ မြင်စိုင်းခေတ်၌ ကာချင်းများ၊ ကာကခြင်းများ ခေတ်စားလာခဲ့သည်ကို တွေ့ရှိရသည်။ ကာချင်းမှာ ပဒေသရာဇ်ခေတ်က စစ်ချီသီချင်းဖြစ်ပြီး ကာကမှာ စစ်ရေးပြအကဖြစ်သည်။ မြန်မာ့ဆိုင်းပညာရှင် သုတေသီ အလင်္ကာကျော်စွာ ဆရာစိန်ဗိုလ်တင့် ရှိခဲ့စဉ်က ကာချင်းသီချင်းတီးလုံးများကို သုတေသနပြု ဖော်ထုတ်တီးခတ်ခဲ့သည်ကို အမှတ်ရနေမိပါသည်။

ပဒေသရာဇ်ခေတ်က ပြာသိုလတွင် မြေနန်းတော်ရှေ့၌ ကာရေးသဘင်၊ မြင်းခင်းသဘင်များကို ကျင်းပခဲ့ကြသည်။ ကုန်းဘောင်ခေတ်သို့ ရောက်ရှိလာခဲ့သောအခါ ကာချင်းသဘင် ကွယ်ပျောက်ခဲ့ပြီး မြင်းခင်း ၃၇ ချင်းနှင့် **အဲမောင်း** လုံ့ရေး ၃၇ ချင်း စသည်တို့ကို ခင်းကျင်းပြသခဲ့သော မြင်းခင်းသဘင် ဟူ၍ တွင်ကျယ်လာခဲ့သည်။ ကာချင်း၊ မြင်းခင်း ၃၇ ချင်းနှင့် အဲမောင်းလုံ့ရေး ၃၇ ချင်းတို့မှာ စစ်သည်ရဲမက်တို့ကို ရဲစိတ် ရဲမာန် ဇာတိမာန်တို့ တက်ကြွစေသည့် မြန်မာ့ဇာတိမာန် အမျိုးသားရေး တေးသီချင်းများ ဖြစ်ခဲ့ကြသည်။

ကုန်းဘောင်ခေတ်၌ မြန်မာ့သဘင်ကို (၁)အနိမ့်သဘင်၊ (၂) အမြင့်သဘင်၊ (၃) အတီးသဘင်၊ (၄)အဆုံသဘင်ဟူ၍ ခွဲခြားခဲ့သည်။ အမြင့်သဘင်မှာ ရုပ်သေးသဘင်ဖြစ်ပြီး "ဇာတ်သဘင်အစ ရုပ်သေးသဘင်က" ဟူ၍ အဆိုပေါ်ပေါက်လာခဲ့သည်။ စင်တင်ရုပ်သေးသဘင်တွင် ကြိုးဆွဲ၊ အဆို၊ အငို၊ အပြောအတွက် အမျိုးသားများကိုသာ ခန့်ထားသည်။ ဇာတ်ဝင်ခန်း၏ မင်းသမီး၏ အဆို၊ အငို၊ အပြောနေရာတွင် အမျိုးသားဇာတ်မင်းသားကပင် သီဆိုခဲ့ရသည်။ ပွဲကြည့်ပရိသတ်မှာ ဘုရင်နှင့် မိဖုရားများ၊ မှူးမတ်များနှင့် နန်းတွင်းပရိသတ်များ လူကြီးသူကြီး၊ သက်ကြီးဝါကြီးများဖြစ်ကြ၍ ပွဲကြည့်ပရိသတ်ကို ရိုသေကိုင်းရှိုင်းလေးစားသောအားဖြင့် ရုပ်သေးစင်ခေါ် အမြင့်သဘင်တွင် အမျိုးသားများကသာ ကြိုးဆွဲ၊ သီဆို၊ ငိုရပြောရသောအလုပ်ဖြင့် သရုပ်ဆောင်ခဲ့ကြရသည်။

ကုန်းဘောင်ခေတ်တွင်ပင် သဘင်အနုသုခုမပညာကို အမျိုးသားယဉ်ကျေးမှုနှင့်အညီ စနစ်တကျ တိုးတက်စေရေး သရုပ်ပျက်ယဉ်ကျေးမှု မပေါ်ပေါက်ရေးတို့အတွက် စီမံကြီးကြပ်ထိန်းသိမ်းဆောင်ရွက်နိုင်ရန် "သဘင်ဝန်" ရာထူးကို စတင်ခန့်အပ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ပဒုံမင်းလက်ထက်တွင် သဘင်ဆိုင်ရာ အမိန့်တော်မှတ်တမ်းတစ်ခု၌-

"သဘင်ပညာသည်တိုင်း တိုင်းကျိုးပြည်ကျိုးကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သောအားဖြင့်သော်လည်းကောင်း ပြုပြင်နိုင်ခြင်း၊ သာသနာရေး၊ ဘာသာရေး၌ အားပေးကူညီနိုင်ခြင်းများကြောင့် သဘင်ပညာရှင်များ စည်းကမ်းလိုက်နာရန် သဘင်ဆရာများထားရမည်။

သာသနာကို ထိခိုက်သော၊ ဂုဏ်းမလွတ်သော ကဗျာသီချင်းများ သီဆိုခွင့်မပြု၊ ကျူးလွန်ခဲ့သော် သီချင်းရေးသူကို လက်ဖြတ်စေ၊ သီဆိုသူကို လျှာဖြတ်စေ အပြစ်ပေးရမည်" ဟူ၍ အမိန့်ထုတ်ပြန်ခဲ့သည်ကို ထူးခြားစွာ လေ့လာတွေ့ရှိရသည်။ သို့ကလောက် အနုသုခုမပညာကို မညစ်နွမ်းစေရဘဲ ကြပ်မတ်ကွပ်ကဲ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။

**နန်းတွင်းသဘင်မှသည် ပြည်သူ့သဘင်သို့**

အနုပညာဖြင့် ပြည်သူကို စည်းရုံးနိုင်သည်ဟူသော ခံယူချက်ဖြင့် စစ်ကိုင်းမင်းသည် ရုပ်သေးသဘင်ကို နန်းတွင်း၌သာမက နိုင်ငံတစ်ဝန်းလုံး ကျေးလက်ဒေသများအထိ လှည့်လည်ကပြစေခဲ့သည်။ ထို့နောက် "အနိမ့်သဘင်" ဟုခေါ်သော **"မြေဝိုင်းအက"**သည် ကုန်းဘောင်ခေတ်တွင်ပင် ထင်ရှားကျော်ကြားလူကြိုက်များခဲ့သော အနုသုခုမသဘင်ပညာတစ်ရပ်ဖြစ်လာခဲ့သည်။

မြေဝိုင်းသဘင်ကို လာရောက်ကြည့်ရှုကြသည့် ပရိသတ်သည် မြေပေါ်တွင် ဝိုင်းပြီးထိုင်၍ ကြည့်ရှုရသောကြောင့် **"မြေဝိုင်းဇာတ်"** ဟူ၍လည်းကောင်း၊ ကပြသူတို့ အလယ်တွင် ပန်းပင်စိုက်၍ဝိုင်းပတ်ကပြကြရသောကြောင့် **"ပန်းပင်ဝိုင်းဇာတ်"** ဟူ၍လည်း ခေါ်ဝေါ်ခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင်တို့၏ ယဉ်ကျေးမှုအရ လူကိုယ်တိုင် သီဆိုကပြကြသော သဘင်သည်များကို ပရိသတ် သက်ကြီးဝါကြီးများက အောက်မှနေ၍ မကြည့်စေလိုသောကြောင့် ဇာတ်စင်ပေါ်တွင် မကခဲ့ကြခြင်းပင်ဖြစ်သည်။ ဇာတ်သဘင်များ၏ ရှေ့ပြေးဖြစ်သော မြေဝိုင်းအကသည် ကျေးလက်ဒေသများတွင် ပွင့်လင်းရာသီ၌ ခြိမ့်ခြိမ့်သဲ ကျင်းပလေ့ရှိကြသည့် အနုသုခုမသဘင်ပညာတစ်ရပ် ဖြစ်လာခဲ့သည်။

မြန်မာ့သဘင်လောက၌ ယနေ့တိုင်အောင် မရိုးနိုင်သော "ယိမ်းအက" မှာ ကုန်းဘောင်ခေတ်တွင် စတင်ခဲ့သည်ဟု သိရသည်။ ထိုစဉ်က "ယိမ်းအက"ကို "ဟန်အက" ဟူ၍လည်း ခေါ်ဝေါ်ခဲ့သည်ဟုဆိုသည်။ ကျေးလက်ဒေသများ၌ ဗုဒ္ဓပူဇနိယပူဇော်ပွဲများ၊ အလှူပွဲများ၊ သီတင်းကျွတ်၊ တန်ဆောင်တိုင်ပွဲတော်တို့တွင် ရွာသူရွာသားများက စုပေါင်း၍ ပျော်ရွှင်စွာ ကခုန်ခဲ့ကြရာမှ ယိမ်းအကဟူ၍ ပေါ်ပေါက်လာခဲ့သည်ဟု သိရသည်။ ယိမ်းအကသည် လက်၊ ခြေ၊ ခေါင်း၊ ခါး အတိမ်းအစောင်း ညီညွတ်မှုကို အဓိကထား၍ ကခုန်ကြရခြင်းဖြစ်၍ ချစ်ကြည် စည်းလုံးညီညွတ်မှု အဓိပ္ပာယ်ကို ဖော်ဆောင်ပေးသဖြင့် လေးနက်လှပါသည်။

**ယဉ်ကျေးမှုအစစ် လူ့အနှစ်**

မြန်မာ တိုင်းရင်းသားတို့သည် အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားသူများဖြစ်ကြသဖြင့် အမျိုးသားယဉ်ကျေးမှုကို ချစ်မြတ်နိုး၍ ထိန်းသိမ်းစောင့်ရှောက်ကာ လက်ဆင့်ကမ်း အမွေကောင်းများ ပေးအပ်သည့် အစဉ်အလာများရှိကြသည်။ လူမျိုးတစ်မျိုး၏ ဂုဏ်သိက္ခာသည် ထိုလူမျိုး၏ စာပေ၊ ဂီတအနုသုခုမ ယဉ်ကျေးမှု အဆင့်အတန်းပေါ်တွင် တည်မှီနေသည်။ "စာပေမြင့်မှ လူမျိုးတင့်မည်၊ ဂီတစွမ်းအား ပြည်ထွန်းကား" ဟူသော ဆောင်ပုဒ်တို့မှာ အမျိုးသားယဉ်ကျေးမှု တိုးတက်မြင့်မားရေး၊ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးတို့အတွက် အမျိုးသားရေးအင်အားဖြစ်စေသည့်ဆောင်ပုဒ်များ ဖြစ်ကြသည်။

လူတို့သည် အဖွဲ့အစည်းနှင့်နေထိုင်သူများဖြစ်ကြရာ ဤလူ့အဖွဲ့အစည်းကို ချည်နှောင်ထားသည်မှာ ယဉ်ကျေးမှုပင်ဖြစ်သည်။ ထို့ကြောင့် မိမိတို့ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အမျိုးအတွက် စောင့်ရှောက်သည့် အမျိုးသားရေး စိတ်ဓာတ်ပင်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက် ရကောင်းမှန်း မသိလျှင် မျိုးချစ်စိတ်ဓာတ် ရှင်သန်နိုင်မည်မဟုတ်ပါ။

မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မြန်မာ့အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းရာ၌ အရိုးကို အရွက်မဖုံးစေဘဲ မျိုးဆက်သစ်များအား ယဉ်ကျေးမှု အမွေအနှစ်ကောင်းများ လက်ဆင့်ကမ်း ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို ဂုဏ်ယူအားရဖွယ်တွေ့ရှိရပါသည်။

*စာမျက်နှာ ၁၇ သို့*

**" မြန်မာ့သဘင်လောက၌ ယနေ့တိုင်အောင် မရိုးနိုင်သော "ယိမ်းအက" မှာ ကုန်းဘောင်ခေတ်တွင် စတင်ခဲ့သည်ဟု သိရသည်။ ထိုစဉ်က "ယိမ်းအက"ကို "ဟန်အက" ဟူ၍လည်း ခေါ်ဝေါ်ခဲ့သည်ဟုဆိုသည်။ ကျေးလက်ဒေသများ၌ ဗုဒ္ဓပူဇနိယပူဇော်ပွဲများ၊ အလှူပွဲများ၊ သီတင်းကျွတ်၊ တန်ဆောင်တိုင်ပွဲတော်တို့တွင် ရွာသူရွာသားများက စုပေါင်း၍ ပျော်ရွှင်စွာ ကခုန်ခဲ့ကြရာမှ ယိမ်းအကဟူ၍ ပေါ်ပေါက်လာခဲ့သည်ဟု သိရသည်။ ယိမ်းအကသည် လက်၊ ခြေ၊ ခေါင်း၊ ခါး အတိမ်းအစောင်းညီညွတ်မှုကို အဓိကထား၍ ကခုန်ကြရခြင်းဖြစ်၍ ချစ်ကြည်စည်းလုံး ညီညွတ်မှုအဓိပ္ပာယ်ကို ဖော်ဆောင်ပေးသဖြင့် လေးနက်လှပါသည်**

# ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သော ဇာတ်သဘင်အဖွဲ့အတွက် ထောက်ပံ့ငွေပေးအပ်

**မော်လမြိုင် အောက်တိုဘာ ၁၃**

အောက်တိုဘာ ၅ ရက်က မြဝတီအာရှလမ်းမကြီးပေါ်၌ ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့သော မြန်မာနိုင်ငံသဘင်အစည်းအရုံးဝင် မွန်ပြည်နယ် မော်လမြိုင်မြို့မှ ပွင့်နေခြည်ဇာတ်အဖွဲ့အား မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း က ထောက်ပံ့ငွေများကို အောက်တိုဘာ ၁၂ ရက်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ပေးအပ်သည်။

### လိုအပ်သည်များ ကူညီမည်

ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါ လျော့ပါးလာချိန်တွင် သဘင်အစည်းအရုံးအဖွဲ့ဝင်များအနေဖြင့် အခက်အခဲကြားမှ ကြိုးပမ်းဆောင်ရွက်ရင်း ယခုလိုအဖြစ်အပျက်မျိုး ကြုံတွေ့ခဲ့ရသဖြင့် ပွင့်နေခြည်သဘင်အဖွဲ့အတွက် များစွာစိတ်မကောင်းဖြစ်ရကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သေဆုံးသူ၊ဒဏ်ရာရသူများအတွက် လိုအပ်သည်များ ကိုကူညီဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

### ထောက်ပံ့ငွေပေးအပ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပွင့်နေခြည်သဘင်အဖွဲ့မှ ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးသူ ၁၂ ဦး၏ ကျန်ရစ်သူမိသားစုများအား ထောက်ပံ့ငွေကျပ် ၂၄ သိန်းနှင့် ဒဏ်ရာရသူ ၁၆ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၆ သိန်းကို ပေးအပ်ရာ ပြည်နယ်သဘင်အစည်းအရုံးဝင် ဦးတင်ဝင်း က လက်ခံယူပြီး မော်လမြိုင်မြို့နယ်သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးဆန်းလင်း က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ပြည်နယ် (ပြန်/ဆက်)



ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း က ပြည်နယ်သဘင်အစည်းအရုံးဝင် ဦးတင်ဝင်း သို့ ထောက်ပံ့ငွေ ပေးအပ်စဉ်။

---

*စာမျက်နှာ ၁၆ မှ*

### မျိုးဆက်သစ်တို့အတွက် လက်ဆင့်ကမ်းဂီတ အနုသုခုမပညာအမွေ

ယနေ့သဘင်လောကတွင် အရိုးကိုအရွက်မဖုံးစေဘဲ ခေတ်နှင့်လျော်ညီစွာ ဆန်းသစ်တီထွင် ကပြနေကြသည့် မျိုးဆက်သစ် သဘင်အနုပညာရှင်တို့၏ ကြိုးပမ်းအားထုတ်မှုများကို ကြိုဆိုဂုဏ်ပြုပါသည်။ ကျေးဇူးရှင် သဘင်အနုပညာရှင်များဖြစ်ကြသည့် အဘိုးများနှင့် ဖခင်တို့၏ ဂန္ထဝင်အမွေအနှစ်ကို ဆက်ခံကာ တီထွင်ကြံဆမှုများနှင့် ပေါင်းစပ်လျက် ကပြတင်ဆက်လျက်ရှိရာ ပရိသတ်က ကြိုဆိုလက်ခံအားပေးလျက်ရှိကြသည်ကို တွေ့ရသည်။

ယခုကဲ့သို့ မိုးရာသီဇာတ်သဘင်များ ရပ်နားချိန်တွင်ပင် ကန်တော်ကြီး၌ ရုံပွဲသွင်း၍ ကပြလျက်ရှိသည်။ ဂန္ထဝင်သဘင်ပညာရှင်ကြီး အလင်္ကာကျော်စွာ ရွှေမန်း(ဦး)တင်မောင်၏ မြေး၊ ဖခင်နှင့် ဦးလေးများဖြစ်ကြသည့် ဇာတ်သဘင်ပညာရှင် (ဦး)ဝင်းမိုလ်၊ (ဦး)ဆန်းဝင်း၊ (ဦး)ချမ်းသာ၊ (ဦး)ဝင်းမောင်တို့၏ သဘင်ပညာ အမွေအနှစ်များကို လက်ခံနာယူကာ အောင်မြင်ကျော်ကြားလျက်ရှိသည့် ရွှေမန်းသဘင် မျိုးဆက်သစ် (ဦး)တင်မောင်ဆန်းမင်းဝင်း၏ သဘင်အနုပညာစွမ်းရည်များ ဂုဏ်ယူအားရဖွယ် ဖြစ်ပါသည်။

အလားတူ အဘိုးဖြစ်သော ဂန္ထဝင်ဂီတစာဆိုနန်းတော်ရှေ့ဆရာတင်၏မြေး ဇာတ်သဘင်ပညာရှင် (ဦး)ရွှေနန်းတင်၏ သားဖြစ်သူ သဘင်ပညာရှင် (ဦး)နန်းဝင်းနှင့်မိသားစုတို့၏ သဘင်အနုပညာစွမ်းရည်တို့ကိုလည်း ဂုဏ်ယူချီးကျူးရပါသည်။ မြန်မာ့သဘင် ဦးသျှောင်ကြီးဖြစ်သည့် ဂန္ထဝင်သဘင်ပညာရှိကြီး ဂရိတ် ဦးဖိုးစိန်၏သားဖြစ်သူ သဘင်ပညာရှင် (ဦး)ကနက်စိန်၊ (ဦး)တသက်စိန်၊ မြေးများဖြစ်ကြသည့် (ဦး)ရဲစိန်၊ (ဦး)ညီဝင်းစိန် တို့၏ လက်ဆင့်ကမ်းသဘင်အမွေခံ အနုပညာစွမ်းရည်တို့ကို တွေ့မြင်ကြည့်ရှု ခံစားခဲ့ရသဖြင့် ဖရဏာပီတိ ဂွမ်းဆီထိသည့်ပမာ ဖြစ်ရပါသည်။

လွတ်လပ်ရေးမရမီ ကိုလိုနီခေတ်က နှစ်ပေါင်း ၁၀၀ ကျော်ကာလတွင် ထင်ရှားကျော်ကြားခဲ့ကြသော ဂန္ထဝင်ထိပ်တန်း သဘင်ပညာရှင်ကြီးများ ဖြစ်ကြသည့် ဂရိတ်ဦးဖိုးစိန်၊ ဦးစိန်ကတုံးတို့ကို မကြည့်ရှုခဲ့ကြရသော်လည်း ထိုသဘင်ပညာရှင် ကြီးများ အသံသွင်းထားခဲ့သည့် ဓာတ်ပြားများထဲမှ နိပါတ်တော် ဇာတ်တော်များမှ အဆို၊ အပြောများကို နားဆင်ကြည့်ရှုရုံနှင့်ပင် အသည်းထိစွဲငြိခဲ့ရပါသည်။ အလင်္ကာကျော်စွာ ရွှေမန်း (ဦး)တင်မောင်၏ လက်ဝဲသုန္ဒရဇာတ်၊ ဗုဒ္ဓဝင်၊ ဂီတရှူး၊ ရွှဲကုန်သည်၊ စလေဦးပုည၊ သောင်မှူး စသည့်ဓာတ်ပြားသွင်း ဇာတ်များမှာ ပရိသတ်က အလွန်စွဲမြဲနှစ်ခြိုက်ခဲ့ကြသည်။ ဝဏ္ဏကျော်ထင်ဘွဲ့ရ သဘင်ပညာရှင်ကြီး (ဦး)စိန်အောင်မင်းမှာ ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) ဝတ်စုံရန်ပုံငွေဖွဲ့ကပြခဲ့ရာ အမျိုးသားခေါင်း ဆောင် ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အကျိုးတော်ဆောင်ဘွဲ့ကို ချီးမြှင့်အပ်နှင်းခံခဲ့ရသည်။

### ပရိသတ်ကိုတိုက်ရိုက်ကပြ တင်ဆက်ရသော ခက်ခဲနက်နဲလှသည့် သဘင်မှုအနုပညာ

အနုသုခုမသဘင်ပညာသည် ရုပ်ရှင်ကဲ့သို့မဟုတ်ဘဲ ပွဲကြည့်ပရိသတ်ကို တိုက်ရိုက် တင်ဆက်သရုပ်ဆောင် ကပြရသည့် အနုပညာဖြစ်ခြင်းကြောင့် အမှားအယွင်း မဖြစ်စေရပါ။ ဇာတ်စာ၊ ဇာတ်ဝင်သီချင်း၊ ဇာတ်ဝင်အပြောအဆိုတို့ကို နှုတ်တိုက်အလွတ် ကျက်မှတ်ထားကြရုံမျှမက ကနည်း၊ ကကြိုး၊ ကကွက်များစွာတို့ကို ဌာန်ကရိုဏ်းကျကျ စည်းဝါးကျကျ လေ့ကျင့်သင်ယူကြရသဖြင့် ဇာတ်သဘင်အနုပညာသည် အလွန်လေးနက် သိမ်မွေ့လှပါသည်။

ဤနေရာတွင် စပ်လျဉ်း၍ စာရေးသူ၏ ကိုယ်တွေ့ အတွေ့အကြုံလေး တစ်ခုကို တင်ပြလိုပါသည်။ စာရေးသူ၏ ဖခင်နှင့် ညီမ၊ ညီမတစ်ဝမ်းကွဲတော်စပ်ကြသူတို့သည် မြန်မာ့ဆိုင်းပညာရှင်များနှင့် အကပညာရှင်များ ဖြစ်ခဲ့ကြပါသည်။ ဦးလေးတော်စပ်သူနှစ်ဦးက ဗလာဆိုင်းများတွင် နှဲပညာရှင်၊ ပတ်မတီးပညာရှင်များ ဖြစ်ခဲ့ကြပြီး အဒေါ်ဖြစ်သူမှာ ဇာတ်မင်းသမီးတစ်ဦး ဖြစ်ခဲ့သည်။ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏ ဇာတ်ထဲမှ နာမည်ကျော် မင်းသမီးကြီး အမေဒေါ်အောင်သန်းတင်ထံမှ သဘင်ပညာများကို သင်ယူခဲ့သူဖြစ်သည်။ အမေ ဒေါ်အောင်သန်းတင်၏ အဆို၊ အပြော၊ အသံတို့မှာ ထူးချွန်လှ၍ ဗုဒ္ဓဝင်ဇာတ်ပြရန် ဖွားတော်မူခန်းတွင် မယ်တော်မာယာအဖြစ် သရုပ်ဆောင်အသံသွင်းခဲ့ပုံများ၊ နှစ်ပါးသွားသီချင်းများမှာ အလွန်နားဝင်ပီယံဖြစ်ခဲ့ကြရသည်။ အမေဒေါ်အောင်သန်းတင်မှာ သူကိုယ်တိုင် စာမတတ်မြောက်ခဲ့ရသော်လည်း ဇာတ်စာ၊ ဇာတ်အပြောအဆို၊ ဇာတ်သီချင်းများကို နှုတ်တိုက်ကျက်မှတ် သီဆိုကပြခဲ့ရာ မထစ်မငေါ့၊ မမှားမယွင်းဘဲ ပင်ကိုကရုဏာသံဖြင့် သီဆိုနိုင်ခဲ့သည်မှာ အားရဂုဏ်ယူလေးစားဖွယ်ဖြစ်ပါသည်။

ယခုအခါ အမျိုးသားယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ခေတ်အဆက်ဆက်မှ ဂန္ထဝင်စံတင်ခဲ့သော အဆိုပညာ၊ အတီးပညာ၊ အရေးပညာ၊ အကပညာဟူသော အနုသုခုမပညာများကို လက်ဆင့်ကမ်း အမွေခံယူကာ တင်ဆက်ကြရင်း သဘင်မှုအနုပညာနယ်ပယ်တွင်“ဇာတ်သမားလာလျှင် မှတ်သားစရာပါရမည်၊ ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်ရမည်” ဟူသော ဆောင်ပုဒ်နှင့်အညီ မျိုးဆက်သစ် အနုပညာရှင်တိုင်း နိုင်ငံတော်နှင့် ပြည်သူတို့ကို ကောင်းစွာအလုပ်အကျွေးပြုနိုင်ကြပါစေဟု အရေးထားလေးစားစွာဖြင့် ရေးသားဆန္ဒပြုလိုက်ပါသည်။ ။



ရှေးခေတ် မြေဝိုင်းအက။

**❂ ယခုအခါ အမျိုးသားယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ခေတ်အဆက်ဆက်မှ ဂန္ထဝင်စံတင်ခဲ့သော အဆိုပညာ၊ အတီးပညာ၊ အရေးပညာ၊ အကပညာဟူသော အနုသုခုမပညာများကို လက်ဆင့်ကမ်း အမွေခံယူကာ တင်ဆက်ကြရင်း သဘင်မှုအနုပညာနယ်ပယ်တွင်“ဇာတ်သမားလာလျှင် မှတ်သားစရာပါရမည်၊ ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်ရမည်” ဟူသော ဆောင်ပုဒ်နှင့်အညီ မျိုးဆက်သစ် အနုပညာရှင်တိုင်း နိုင်ငံတော်နှင့် ပြည်သူတို့ကို ကောင်းစွာအလုပ်အကျွေးပြုနိုင်**

**အကိုးအထောက်**

**၁။ ကြည်မြသည့် ဂီတ၊ ပီသသည့် အသံ၊ အံ့ဝင်သည့်စာသား မောင်မောင်စန်း ရန်ကုန်တက္ကသိုလ် (၂-၇-၁၉၇၈ ရက်နေ့ထုတ် လုပ်သားပြည်သူ နေ့စဉ်သတင်းစာ)**

**၂။ ဂီတမှာအသံ၊ အလင်္ကာမှာကာရန်၊ မြန်မာဆန်သည့်တေးရေးဟန် မောင်မောင်စန်း (ရန်ကုန်တက္ကသိုလ် ၅-၁-၁၉၇၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ)**

**၃။ အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း ဒုတိယတွဲ-ဒုတိယပိုင်း (လမ်းစဉ်ပါတီဌာနချုပ်-၁၉၈၀)**

## ၂၀၂၂ ခုနှစ်တွင် မျှော်မှန်းထားသည်ထက် ဆန်ပိုမိုတင်ပို့နိုင်မည်ဟု ဗီယက်နမ်ခန့်မှန်း

၂၀၂၂ ခုနှစ် မတ်လမှစတင်၍ ငွေကြေးဖောင်းပွမှုကြောင့် ကမ္ဘာ့ဈေးကွက်တွင် လယ်ယာထွက်ကုန်ဈေးနှုန်းများ မြင့်တက်လာပြီး ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်ဆန်ဈေးနှုန်းများလည်း သိသိသာသာ မြင့်တက်လာခဲ့သည်။

ဗီယက်နမ်၏ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ဆန်ဖြူဈေးသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၃ ဖြင့် တင်ပို့လျက်ရှိပြီး ယခုနှစ်အစပိုင်းကထက် ၁၀ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ် အကောက်ခွန်ဦးစီးဌာန၏ အချက်အလက်များအရ ၂၀၂၂ ခုနှစ်အစပိုင်းမှ စက်တင်ဘာလအထိ ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် တန်ချိန် ငါးသန်းကျော်ရှိခဲ့ပြီး ကာလတူနှိုင်းယှဉ်ချက်အရ ယခင်နှစ်ထက် ၁၉ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်သည်။ ပို့ကုန်တင်ပို့မှုချည်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၄ ဘီလီယံရောက်ရှိခဲ့ပြီး ကာလတူနှိုင်းယှဉ်ချက်အရ ယခင်နှစ်ထက် ၉ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။



ဗီယက်နမ်နိုင်ငံ ဆိပ်ကမ်းတစ်ခုမှ ပြည်ပသို့တင်ပို့မည့် ဆန်အိတ်များ။

၂၀၂၂ ခုနှစ် စီမံချက်အရ ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုကို တန်ချိန် သန်းပေါင်း ၆ ဒသမ ၃ မှ ၆ ဒသမ ၅ အထိ တင်ပို့နိုင်ရန် လျာထားပြီး ၂၀၂၁ ခုနှစ်ထက် တန်ချိန် ၁၀၀၀၀၀ မှ ၂၀၀၀၀၀ အထိ တိုးမြှင့်လျာထားခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ်၏ ကျန်ရှိသော လေးလအတွင်း ဆန်ကို တန်ချိန် သန်းပေါင်း ၁ ဒသမ ၅ မှ ၁ ဒသမ ၇ အထိ တင်ပို့နိုင်ရန် လျာထားပြီး လက်ရှိ ဈေးကွက်အခြေအနေအရ လျာထားချက်ထက် ကျော်လွန်တင်ပို့နိုင်မည်ဟု ခန့်မှန်းထားသည်။

ဆန်ဈေးကွက်သည် ၂၀၂၂ ခုနှစ်၏ စတုတ္ထသုံးလပတ်ကာလမှ ၂၀၂၃ ခုနှစ်၏ အစပိုင်းကာလများတွင် ကောင်းမွန်လျက်ရှိသော်လည်း ဆန်ဈေးကွက်၏ ၉၀ ရာခိုင်နှုန်းခန့်ကို ထုတ်လုပ်ဖြည့်ဆည်းပေးလျက်ရှိသော အာရှနိုင်ငံအများအပြားတွင် ဆိုးရွားသည့်ရာသီဥတုအခြေအနေများ ဖြစ်ပေါ်လျက်ရှိသောကြောင့် ဆန်ပြတ်လပ်မှုအခြေအနေများ ရှိလာနိုင်ကြောင်း သိရသည်။

ကမ္ဘာ့ဈေးကွက်တွင် ဆန်အများဆုံး တင်ပို့သူ အိန္ဒိယနိုင်ငံက ပို့ကုန်တားမြစ်ကြောင်း ကြေညာခဲ့ပြီး လာမည့်နှစ်တွင် တရုတ်က ဆန်တန်ချိန် ၆ သန်းခန့် တင်သွင်းမည်ဟု ခန့်မှန်းလျာထားပြီး ဖြစ်သည့်အတွက် ဗီယက်နမ်အတွက် ဆန်တိုးမြှင့်တင်ပို့ရန် အခွင့်အရေးတစ်ရပ် ဖြစ်လာနိုင်သည်။

ဆန်သည် လူနေမှုဘဝတွင် နေ့စဉ်စားသုံးနေရသည့် အဓိက အစားအစာဖြစ်ခြင်းကြောင့် စီးပွားရေးတည်ငြိမ်မှုအပေါ် လိုက်၍ ဈေးကွက်အတွင်း ဝယ်လိုအားကျဆင်းတတ်သော အခြားကုန်စည်များကဲ့သို့ ထိခိုက်နစ်နာမှုများ သိသိသာသာ မတွေ့ရှိရဘဲ ဝယ်လိုအားတည်ငြိမ်သည့် ဈေးကွက်တစ်ခုဖြစ်သည်။ လက်ရှိတွင် ဆန်ပြတ်လပ်ရှားပါးနိုင်သည့် အခြေအနေနှင့်အတူ ကမ္ဘာ့ဆန်ဈေးနှုန်းသည် ကြီးမြင့်လာလျက်ရှိပြီး ဗီယက်နမ်၏ ဆန်တင်ပို့မှုတွင်လည်း လက်ရှိဈေးနှုန်းထက် ပိုမိုမြင့်တင်နိုင်သည့် အခြေအနေကောင်း တစ်ရပ်အဖြစ် တွေ့ရှိနေရသည်။

## တရုတ် e-commerce တိုက်ရိုက်ထုတ်လွှင့်မှုဝင်ငွေ ယွမ် ၁ ဒသမ ၂ ထရီလီယံ ရောက်ရှိရန် ခန့်မှန်း

**ကူမင်း အောက်တိုဘာ ၁၃**

တရုတ်နိုင်ငံ၏ တိုက်ရိုက်ထုတ်လွှင့်မှုလုပ်ငန်း Live streaming industry သည် မကြာသေးမီ နှစ်များအတွင်း ကိန်းဂဏန်းတိုးတက်မှုကို မြင်တွေ့ရကြောင်း၊ ယင်းသည် ဘရန်း (အမှတ်တံဆိပ်)များကို တရုတ်စားသုံးသူများနှင့် ထိတွေ့ဆက်ဆံပြီး အပြန်အလှန် အကျိုးပြုသည့်ပုံစံဖြင့် ချိတ်ဆက်ရန် ထူးခြားသောအခွင့်အရေးကိုပေးကြောင်း၊ ၂၀၂၂ ခုနှစ်တွင် တရုတ် e-commerce တိုက်ရိုက်ထုတ်လွှင့်မှုကဏ္ဍ၏ စုစုပေါင်းဝင်ငွေသည် ကြည့်ရှုသူစုစုပေါင်း သန်း ၆၆၀ ဖြင့် ယွမ် ၁ ဒသမ ၂ ထရီလီယံ(အမေရိကန်ဒေါ်လာ ၁၈၀ ဘီလီယံ)သို့ ရောက်ရှိရန် ခန့်မှန်းထားကြောင်း သိရသည်။

၂၀၂၁ ခုနှစ် iResearch ၏ အစီရင်ခံစာအရ ဤကိန်းဂဏန်းသည် ၂၀၂၃ ခုနှစ်တွင် ယွမ် ၄ ဒသမ ၉ ထရီလီယံ (အမေရိကန်ဒေါ်လာ ၇၂၀ ဘီလီယံ)အထိ တိုးလာမည်ဟု ခန့်မှန်းထားကြောင်း၊ ယင်းသည် နိုင်ငံတွင်း e-commerce ရောင်းချမှု စုစုပေါင်း၏ ၁၁ ဒသမ ၇ ရာခိုင်နှုန်းကို တွက်ချက်ခြင်းဖြစ်ကြောင်း၊ စီးပွားရေးသို့ တွန်းအားအသစ်များပေးမည်ဖြစ်ကြောင်း၊ Live streaming သည် ကုန်အမှတ်တံဆိပ်များ အရောင်းမြှင့်တင်ရန်နှင့် လယ်သမားများကဲ့သို့သော အသေးစားအော်ပရေတာများအတွက် စားသုံးသူများထံ ပိုမိုကောင်းမွန်စွာ ဝင်ရောက်ခွင့်ရရှိရန် အဓိကနည်းလမ်းအဖြစ် လုပ်ဆောင်ပေးနိုင်ကြောင်း သိရသည်။



လက်ရှိတွင် e-commerce ကုမ္ပဏီကြီး Alibaba ၏ Taobao Live သည် သုံးစွဲသူများ၏ ၆၈ ဒသမ ၅ ရာခိုင်နှုန်းကို ရယူထားပြီး Douyin နှင့် Kuaishou တို့က တိုက်ရိုက်ထုတ်လွှင့်မှု အဓိကဝေစုကို ရယူထားသည်။ JD.com နှင့် Baidu ကဲ့သို့ အခြားသော တရုတ်အင်တာနက်ကစားသမားကြီးများသည်လည်း ဈေးကွက်တွင် ၎င်းတို့၏ တည်ရှိမှုကို တိုးမြှင့်လာစေရန် ကြိုးစားနေကြသည်။

တိုက်ရိုက်ထုတ်လွှင့်သူများသည် e-commerce ခေတ်တွင် အရောင်းသမားများဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် စာရင်းအရ "ပရော်ဖက်ရှင်နယ်" တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်တင်ဆက်သူ အနည်းဆုံး ၁ ဒသမ ၂၃ သန်းရှိပြီး ၂၀၁၉ တွင် ၂၅၀၀၀၀ သာ ရှိခဲ့ကြောင်း၊ ပြည်တွင်းစက်မှုလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးဗျူရိုတွင် စာရင်းသွင်းသူများသည် ၎င်းတို့၏ထုတ်ကုန်များ ကြော်ငြာရန်အတွက် အကောင့်ဖွင့်နိုင်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ဦးဆောင်မှုနောက်တွင် အနောက်တိုင်း ကုန်အမှတ်တံဆိပ်များ၊ လက်လီရောင်းချသူများနှင့် ဈေးကွက်များသည် ထုတ်ကုန်များကို မြှင့်တင်ရန်အတွက် ၎င်းတို့၏ကိုယ်ပိုင် တိုက်ရိုက်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများနှင့် ပွဲများကို တည်ထောင်ကြကြောင်း၊ ဥပမာအားဖြင့် Tommy Hilfiger သည် တရုတ်နိုင်ငံတွင်အောင်မြင်ပြီးနောက် ၎င်း၏တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်ကို ဥရောပနှင့် မြောက်အမေရိကသို့ မကြာသေးမီက တိုးချဲ့ခဲ့ပြီး ရှိုးတစ်ခုတွင် ပရိသတ် ၁၄ သန်းကို ဆွဲဆောင်ခဲ့ကာ နှစ်မိနစ်အတွင်း hoodies ၁၃၀၀ ရောင်းချခဲ့ကြောင်း၊ တိုက်ရိုက်ထုတ်လွှင့်ခြင်းလုပ်ငန်းအတွက် အလားအလာသည် အားကောင်းနေဆဲဖြစ်ကြောင်း၊ အထူးသဖြင့် ယခင်က လက်လှမ်းမမီနိုင်သောဈေးကွက်များတွင် ဆွဲငင်မှုကို လွယ်ကူချောမွေ့စေပြီး ဖောက်သည်-အမှတ်တံဆိပ်ဆက်ဆံရေးကို မြှင့်တင်ပေးကြောင်း ကူမင်းမြို့ရှိ မြန်မာစီးပွားရေးသံမှူးထံမှ သိရသည်။

## ဂျာမနီနှင့် စပိန်နိုင်ငံတို့အကြား စွမ်းအင်ကဏ္ဍဆိုင်ရာ ဆွေးနွေး

**ဘာလင် အောက်တိုဘာ ၁၃**

ဂျာမနီနိုင်ငံဝန်ကြီးချုပ် Mr. Olaf Scholz နှင့် စပိန်နိုင်ငံ ဝန်ကြီးချုပ် Mr. Pedro Sanchez တို့သည် အောက်တိုဘာ ၅ ရက်က စပိန်နိုင်ငံ၌ တွေ့ဆုံ၍ ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းတစ်ခုကို စတင်နိုင်ရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါပိုက်လိုင်းကို ပြင်သစ်နိုင်ငံ Pyrenees တောင်တန်းဒေသအနီး ဖြတ်သန်း၍ ဆောင်ရွက်ရန်လိုအပ်ပြီး ၂၀၂၅ ခုနှစ်တွင် စတင်လည်ပတ်နိုင်ရန်ဖြစ်ကြောင်း၊ ဒေသတွင်း စွမ်းအင်ဈေးကွက်ခိုင်မာမှုကို ရရှိနိုင်ပြီး အီးယူ၏ အစိမ်းရောင်စွမ်းအင်ကဏ္ဍကူးပြောင်းရေး မဟာဗျူဟာများကို တိုးမြှင့်ပေးနိုင်မည်ဖြစ်ကြောင်း နှစ်နိုင်ငံပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါဆွေးနွေးသဘောတူညီမှုများအပေါ် ပြင်သစ်နိုင်ငံအစိုးရအနေဖြင့် Pyrenees တောင်တန်းဒေသရှိ MidCat ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းသည် ယခင် ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၁၉ ခုနှစ် နှစ်လယ်ပိုင်းတွင် ပတ်ဝန်းကျင်ဆိုင်ရာအရေးကိစ္စများနှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာ အကျိုးအမြတ်နည်းပါးမှုတို့ကြောင့် ရပ်နားခဲ့ကာ ပြန်လည်စတင်ရန် စိတ်အားထက်သန်မှုမရှိကြောင်း ပြောကြားထားသည်။

ဂျာမနီနှင့် စပိန်နိုင်ငံအနေဖြင့် အဆိုပါပိုက်လိုင်းစီမံကိန်း ပြန်လည်စတင်နိုင်ခြင်းဖြင့် အီးယူဒေသ စွမ်းအင်အကျပ်အတည်းကို ဖြေရှင်းနိုင်ပြီး သဘာဝဓာတ်ငွေ့အပြင် ပြန်လည်ပြည့်ဖြိုးမြဲဓာတ်ငွေ့များကိုလည်း ထုတ်လုပ်ရန်စီစဉ်ဆောင်ရွက်နိုင်ပြီး အနာဂတ်စွမ်းအင်ကဏ္ဍ ရည်မှန်းချက်များကိုလည်း ရောက်ရှိစေနိုင်မည်ဟု မျှော်လင့်ချက်ထားရှိကြကြောင်း ဘာလင်မြို့ရှိ မြန်မာစီးပွားရေးသံမှူးထံမှ သိရသည်။




## အိန္ဒိယနိုင်ငံသို့ နို့၊ ဝက်သား၊ ငါး ထုတ်ကုန်များ တင်သွင်းရာတွင် ကျန်းမာရေးသက်သေခံလက်မှတ်လိုအပ်

**ဒေလီ အောက်တိုဘာ ၁၃**

အိန္ဒိယနိုင်ငံအတွင်းသို့ စားသောက်ကုန်ပစ္စည်းများ တင်သွင်းရာတွင် တင်ပြရမည့် ကျန်းမာရေးသက်သေခံလက်မှတ် (Health Certificate) လိုအပ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းချက်တစ်ရပ်ကို အိန္ဒိယနိုင်ငံ အစားအစာဘေးကင်းရေးနှင့်စံချိန်စံညွှန်းအာဏာပိုင်အဖွဲ့ (FSSAI) က ထုတ်ပြန်ခဲ့သည်။

အဆိုပါရှင်းလင်းချက်တွင် ကုန်ပစ္စည်းတင်ပို့သည့်နိုင်ငံများ၏ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများမှ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဝက်သားနှင့် ဝက်သား ဆက်စပ်ထုတ်ကုန်ပစ္စည်းများနှင့် ငါးနှင့်ငါးဆက်စပ်ထုတ်ကုန်ပစ္စည်းများအတွက် Sanitary and Veterinary Certificate သက်သေခံလက်မှတ်များ ထုတ်ပေးထားပြီးဖြစ်ကြောင်း၊ သို့ရာတွင် အိန္ဒိယနိုင်ငံသို့ ရောက်ရှိ၍ သွင်းကုန်ရှင်းလင်းရေး (Import Clearance) လုပ်ဆောင်သည့်အခါတွင် အဆိုပါ ကုန်ပစ္စည်းသုံးမျိုးနှင့် ဆက်စပ်ထုတ်ကုန်ပစ္စည်းများအတွက် ၂၀၂၂ ခုနှစ် ဩဂုတ် ၃ ရက်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ထားပြီးဖြစ်သည့်ပုံစံ၌ အစားအစာဘေးကင်းရေးနှင့်သက်ဆိုင်သော လိုအပ်သည့် အချက်အလက်များအားလုံး ထည့်သွင်းရေးသားထားသည့် ပေါင်းစပ်သက်သေခံလက်မှတ်တစ်စောင်တည်း တင်သွင်းခြင်းကို လက်ခံမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ အဆိုပါ ထုတ်ပြန်ချက်သည် နိုဝင်ဘာ ၁ ရက်မှစ၍ အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ရန်ကင်းတောရကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တိပိဋက ကမ္ဘောဇပရိယတ္တိ စာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်ရှိ မင်းနန္ဒာပရိယတ္တိ စာသင်တိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တုလ္လတ်စံပရိယတ္တိ စာသင်တိုက်၊ မရမ်းကုန်းမြို့နယ်ရှိ ပညာသိပ္ပံကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ ရွာမပရိယတ္တိ စာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းငမ်းကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဓာတုဝိဇ္ဇာပရိယတ္တိ စာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ နိဗ္ဗိန္ဒကျောင်းတိုက် **(အပေါ်ပုံ)**၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကြခတ်ဝိုင်းကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မစိုးရိမ် ပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ဝေဿာလီ ဝိပဿနာ မဟာဂန္ဓာရုံ



ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ အလယ်ကျောင်းပရိယတ္တိ စာသင်တိုက်နှင့် လမ်းမတော်မြို့နယ်ရှိ ကျောက်ပန်းတောင်းသာမဏေကျော်ပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၁၀ - ၂၀၂၂

### ရွှေ

| | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် | ၁၉၆၃၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၉၆၅၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၆၆၉ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၆၇၁ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၅၅ ကျပ် | ၂၇၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၄၀ ကျပ် | ၂၇၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၉၀ ကျပ် | ၂၀၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၅၅ ကျပ် | ၂၁၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၄၃ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၆၅ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၄၆၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၃၀ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၄၇ . ၆၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၂ . ၂၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၅၀၁ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၆၀၀ | ၉၅၀၀ | ၁၁၇၆ | ၁၁၁၈၉၆၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၉၅၄၀ | ၃၃၄၃၄၅၅၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၁၄၁ | ၁၁၁၃၉၀၀ |
| FPB | ၂၁၀၀၀ | ၂၁၀၀၀ | ၅၃ | ၁၁၁၂၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၄၈ | ၄၀၇၀၀၀ |
| EFR | ၂၇၅၀ | ၂၇၅၀ | ၁၆၅ | ၄၅၃၇၅၀ |
| AHP | ၅၁၀၀ | ၅၁၀၀ | ၇၄၅ | ၃၇၉၉၅၀၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၁၀-၂၀၂၂ သောကြာနေ့

### MRTV HD

- **၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(အာဋာနာဋိယသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ(တတိယနေ့)
- **၀၉:၁၀** ဖေယျာရွှေမြေနှင့်ငွေထည်လုပ်ငန်း
- **၀၉:၄၀** Soccer View
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** လှုပ်ရှားမှုများမြင်ကွင်းများ
- **၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း-၁၅)
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၁၁)
- **၁၅:၃၀** မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ့
- **၁၆:၃၅** လူငယ်ရေးရာအစီအစဉ်
- **၁၇:၁၅** ASEAN Information Exchange Inititative Program 2022(Part-9)
- **၁၇:၃၀** Weekly Sports Info
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** သုတဝေဖြာ...သီရိဂေဟာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း-၁၆)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၀:၅၀** (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ (စတုတ္ထနေ့)
- **၂၁:၀၀** စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အုပ်စု-ဃ)(ပွဲစဉ်-၇)

### mitv

- **07:02** Evergreen Classic: Awayyar Horntu (Sein Lei Lei)
- **07:09** The Ornithologist: Dr. Thein Aung
- **07:41** Children's Delight: National Library for Children (Never Too Late to Learn
- **08:01** News
- **08:28** Mularsheedi we love
- **08:37** Let's Taste Delicious Insects: Silkworm Masala & Peppery Cricket bread with Sunflower and Pumpkin Seeds
- **09:01** Myanmar Puppeteers (Chinlone)
- **09:12** Travelogue: Chaung Tha at its peak period
- **09:27** Pan Tamawt...Stone Carving
- **09:53** A Traditional Doctor
- **10:01** New
- **10:26** Topical Topics (No.2)

### MRTV NRC

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ပန်းလိုမွှေး၍စွမ်းသည့်ဆေး

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၀)

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်း(ချိုး)ရိုးရာဝတ်စားဆင်ယင်မှုများနှင့် အဓိပ္ပါယ်များ

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်ရိုးရာကြက်သားမရမ်းပြားချက်

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ပညာရပ်များဆည်းပူးလေ့လာ MRTV ကျောင်းတော်မဟာ (အပိုင်း-၅)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ရောင်စုံပန်းတို့ရဲ့ဒိုင်ယာရီ

**"ဝ" (၁၅:၀၀ မှ ၁၇:၀၀)**
"ဝ" ဘာသာစကားပြောကြရအောင် (ဆွေမျိုးများအခေါ်အဝေါ်)

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ကချင်ရိုးရာ (စပီ) ခေါင်ရည်ပြုလုပ်ပုံ

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့စံပျော်ရာတောင်ပေါ်ဒေသ

**ဝကေကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ရိုးရာအဆင်များဖြင့် ပေါ်လွင်လှပနေသောဖိနပ်လေးများ

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ချောင်းသာကမ်းခြေသို့အလည်တစ်ခေါက်

### MRTV NEWS

- **၀၆:၀၀** အဖွင့်၊တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၁:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သူတစ်ပါးအယောင်ဆောင်ခြင်း'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၄)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း ဂျာမနီနိုင်ငံ
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

### MRTV FARMERS'

- **၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသသတင်း
- **၀၆:၄၀** ပုလဲကေရီမှအဖိုးတန်ပုလဲရတနာလေးများ
- **၀၇:၀၀** ကျေးလက်ကွန်ရက်
- **၀၇:၁၅** ပြုံးပန်းဝေဖြာတို့တောရွာ(ဇာတ်လမ်းတို)
- **၀၈:၂၀** ကုလားပဲခင်းသာစလင်းမြို့မှာ
- **၀၈:၅၀** အာဟာရပြည့်စုံပဲစင်းငုံ အာဟာရပြည့်ဝဖို့ ထောက်ကူပေးပဲစင်းငုံအစားထိုးစိုက်ပျိုးရေး
- **၀၉:၂၅** စတော်ဘယ်ရီစိုက်ပျိုးရေး

### MRTV SPORTS

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တတိယနေ့ဆက်လက်ကျင်းပ

## "ငါးပါဒအက္ခရာ" ဇာတ်တော်ကြီး ရုပ်စုံသဘင်ပြိုင်ပွဲနှင့် "ရာမာယဏ" ဇာတ်တော်ကြီးပြိုင်ပွဲများ ကပြယှဉ်ပြိုင်

**နေပြည်တော် အောက်တိုဘာ ၁၃**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ဗဟို အဆင့်) တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှိသတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယခုနှစ်ကျင်းပသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များ၊ နည်းပြများ၊ အုပ်ချုပ်သူများ စိတ်အေးချမ်းသာစွာ တည်းခိုနေထိုင် လေ့ကျင့်ယှဉ်ပြိုင်နိုင်ရန် လုံခြုံရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကြိုဆိုနေရာချထားရေး၊ တည်းခိုနေထိုင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ ကျန်းမာရေး စသည့်ကိစ္စရပ်များကို ပြည့်စုံစွာ စီမံဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြိုင်ပွဲကာလအတွင်း တည်းခိုနေထိုင်ရာမှ ပြိုင်ပွဲကျင်းပမည့်နေရာသို့ အချိန်မီပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ နေထိုင်သွားလာစားသောက်နိုင်ရန်နှင့် နေ့စဉ်ဧည့်ခံကျွေးမွေးသည့် အစားအစာများတွင် အာဟာရပြည့်စုံပြီး ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရန် စီစဉ်ပေးခြင်း၊ ဆရာဝန်၊ ဆရာမများ၊ တိုင်းရင်းဆေးပညာရှင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရန် စီစဉ်ပေးခြင်း၊ ယာယီဆက်သွယ်ရေးစခန်းများ၊ သက်သာချောင်ချိရေး စားသောက်ဆိုင်များ ဖွင့်လှစ်၍ လူသုံးကုန်ပစ္စည်းများနှင့် ကျန်းမာရေးနှင့် ညီညွတ်သော အဆာပြေအစားအစာများ ဝယ်ယူစားသုံးနိုင်ရန် စီမံပေးခြင်းတို့ကို ဆောင်ရွက်ထားကြောင်းနှင့် လာရောက် ကြည့်ရှုအားပေးကြမည့် ဧည့်ပရိသတ်များအတွက်ပါ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်မှုများကို ပြင်ဆင်ထားကြောင်း သိရသည်။



"ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်မှ ပါဝင်ယှဉ်ပြိုင်စဉ်။

"စိန်ကြယ်ညီးလင်း" (မွန်) ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇမ္ဗူကျွန်းလုံး" (သီချင်းခံ) ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "စက်လဲဘုံဘွေ" (ပတ်ပျိုး) ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်က "နှင်းယွန်းဂိမှာန်"(မွန်) ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပန်းမြိုင်လယ်" (ယိုးဒယား) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "အာကာတစ်ခို" (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သည်ဆောင်းဟေမာန်" (ဘွဲ့) ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ရွှေပစ္စုန်" (ယိုးဒယား) ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ရွှန်းရွှန်းမြ" (သီချင်းခံ) ဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းသည့် မြန်မာ့ဂီတရသကို ဖော်ကျူးသီဆိုယှဉ်ပြိုင်ကြသည်။

**"ကာလပေါ် " တေးသီချင်းအဆိုပြိုင်ပွဲ**

**"ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room



အကပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပါဝင်ယှဉ်ပြိုင်စဉ်။



"ရာမာယဏ" ဇာတ်တော်ကြီး ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး ကိုယ်စားပြုသဘင်အဖွဲ့ ယှဉ်ပြိုင်ကပြစဉ်။

ပြိုင်ပွဲဝင်က "ဂီတအခြေခံ" သီချင်းဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ချစ်မိုးကြီး" သီချင်းဖြင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သံယောဇဉ်" သီချင်းဖြင့် လည်းကောင်း၊မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆယ့်နှစ်လရာသီ" သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်

သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သူရကန်အရောင်မိုတ်သော်လည်း" သီချင်းဖြင့်လည်းကောင်း၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လမြတ်တန်ဆောင်" သီချင်းဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကိုယ့်အမျိုးကို ကိုယ်ချစ်" သီချင်းဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်

"ငါးပါဒအက္ခရာ" ဇာတ်တော်ကြီး ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ဇေယျာသီရိရုပ်စုံသဘင်အဖွဲ့ကလည်းကောင်း၊ "ရာမာယဏ" ဇာတ်တော်ကြီး ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး ကိုယ်စားပြုသဘင်အဖွဲ့က လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား အကပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပါဝင်ယှဉ်ပြိုင်စဉ်။




ပတ္တလားအတီးပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ပါဝင်ယှဉ်ပြိုင်စဉ်။

**"မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲ**

ယနေ့တွင် **"မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက

၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂီတရေစီးကြောင်း" သီချင်းဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်က "နီးအောင်ပင်လှမ်း" သီချင်းဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သုံးရွှေ့လယ်" သီချင်းဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ

များက "မျိုးချစ်စိတ်" သီချင်းဖြင့် လည်းကောင်း၊ ကရင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မိုးကြိုတေးအလှ နယုန်လ" သီချင်းဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အမှတ်မထင်" သီချင်းဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "အမတမျိုးစေ့"

များက "မြပုဏ္ဏမာ" သီချင်းဖြင့်လည်းကောင်း ဖော်ကျူးသီဆိုယှဉ်ပြိုင်ကြသည်။

**အကပြိုင်ပွဲ**

**အကပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ လေ့ကျင့်ရေးဇာတ်ရုံနှင့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall တို့၌ ကျင်းပရာ

မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များကိုဖော်ကျူးသည့် စကားပြောများ၊ အကအလှများဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး အကပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေလက် အချိုးအဆစ်များ အသုံးပြု၍ ငြိမ့်ညောင်းသည့် ကကွက်များဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးအကပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေလက် အချိုးအဆစ် ညီညာစွာအသုံးပြု၍ ကကြိုးကကွက်စုံလင်စွာဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**

**အရေးပြိုင်ပွဲ၏ သီချင်းသံစဉ်ကိုက်ညီလေ့ကျင့်ခြင်းကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "အားမာန်သစ်တည် ရွှေသို့ချီ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ထိန်းသိမ်းစို့လေ ရိုးရာအမွေ" ခေါင်းစဉ်ဖြင့်လည်းကောင်း ရသစုံလင်စွာ သံစဉ်ထည့်သွင်းလေ့ကျင့်သီဆိုကြသည်။

**ဆိုင်းအဖွဲ့အလိုက်** အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အဖွဲ့ကလည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အဖွဲ့ကလည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ**

**ဆိုင်းတစ်ဦးချင်း** အတီးပြိုင်ပွဲကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ (လေ့ကျင့်ရေးဇာတ်ရုံ) ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရှစ်စုံရွက်ကြာ" (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ ဧရာ ဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "တောနှင့်တောင်စွယ်" (ယိုးဒယား) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဇေယျာမြို့" (ကြိုး)ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်က "လာချေပြီ" (ကြိုး) ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြမန်းဂီရိ" (ယိုးဒယား) ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ခေါ်ပါယောင်ဝတ်တော်ရုံ" (ဝတ်တော်ရုံဘွဲ့) ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဆန်းနွေဦး" (ယိုးဒယား) ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သီလာမြေယံ" (ကြိုး) ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခေါ်ပါယောင်ဝတ်တော်ရုံ"(ဝတ်တော်ရုံဘွဲ့) ဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ပတ္တလားအတီးပြိုင်ပွဲ**

**ပတ္တလားအတီးပြိုင်ပွဲ**ကို နေပြည်တော်ရှိ အမျိုးသားပြတိုက် Mini Theatre ၌ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက "ချစ်သမျှကို" (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဇမ္ဗူကျွန်းလုံး" (သီချင်းခံ) ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက "ထောင်ရောင်နေကသာ" (သီချင်းခံ) ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်က "ဖော်ကွာဝေး" (ယိုးဒယား) ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သိင်္ဂါရွှေရောင်" (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ချစ်သမျှကို" (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အတိုင်းမသိမင်္ဂလာ" (ဘွဲ့) ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပြောင်ပြောင်နာဂိန်" (ကြိုး) ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "လူမနေ‌ာ"(ပတ်ပျိုး) ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိမ်းလဲ့လဲ့ညိုပြာ"(ကြိုး) ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက "ဖြေလျှော့ဖွေ" (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "စိမ်းလဲ့လဲ့ညိုပြာ"(ကြိုး) ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "တောနှင့်တောင်စွယ်" (ယိုးဒယား) ဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။




ဆိုင်းတစ်ဦးချင်း အခြေခံပညာအဆင့် (အသက် ၁၀ နှစ် ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပါဝင်ယှဉ်ပြိုင်စဉ်။

**မယ်ဒလင် အတီးပြိုင်ပွဲ**ကို မြန်မာ့အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇမ္ဗူရောင်ကွန့်" (ဘွဲ့)ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သုံးရောင်ခြယ်" (ကာလပေါ်) ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မြူဝန်းလို့ခို" (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇမ္ဗူရောင်ကွန့်" (ဘွဲ့) ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သုံးရောင်ခြယ်"(ကာလပေါ်) ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မှိုင်းရိပ်ကယ်တည့်ဝေမှောင်" (ကြိုး) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သီရိရတနာ"(ကာလပေါ်) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ကုဏ္ဍလာအိုင်" (ယိုးဒယား) ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲများ ကျင်းပရာ နေရာအသီးသီးသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ အရေးပြိုင်ပွဲတွင် အခြေခံပညာဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) နှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသား/အမျိုးသမီးပြိုင်ပွဲများ၌ ပြိုင်ပွဲဝင်များသည် ပြိုင်ပွဲဝင်ချိန်တွင် မဲနှိုက်ကြရပြီး မဲကျသည့် သတ်မှတ်ခေါင်းစဉ်အတိုင်း ရေးသားယှဉ်ပြိုင်လျက်ရှိသည်။

အတီးပြိုင်ပွဲများတွင် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းအနေဖြင့် စောင်း၊ စန္ဒရား၊ ပတ္တလား၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ ဒုံမင်း၊ နှဲ၊ ပလွေ၊ ဆိုင်းတို့ကို မဲကျရာသီချင်းများနှင့် တီးမှုတ်ယှဉ်ပြိုင်ကြရပြီး အိုးစည်၊ ဒိုးပတ်နှင့် ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် ပြိုင်ပွဲများတွင် သတ်မှတ်အချိန်အတိုင်းအတာအတွင်း ယှဉ်ပြိုင်ကြရကြောင်း၊ အိုးစည်၊ ဒိုးပတ်ပြိုင်ပွဲများကို ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အဆင့်တို့သာ ယှဉ်ပြိုင်ကြရပြီး ကျန်အတီးပြိုင်ပွဲများကို အဆင့်အားလုံး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရကြောင်း သိရသည်။

**သတင်းစဉ်**

✳ *ကျောဖုံးမှ*

ရိန်းဂျားနှင့် လီဗာပူးတို့ပွဲစဉ်တွင် လီဗာပူးက ခုနစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့်တက်ရောက်ရန် အခွင့်အရေးကောင်း ပိုင်ဆိုင်ခဲ့သည်။ ရိန်းဂျားက ယခုပွဲရှုံးနိမ့်မှုကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပထမလေးပွဲဆက်ရှုံးနိမ့်မှုကြုံတွေ့ခဲ့ပြီး အသင်းသမိုင်းတစ်လျှောက် ဒုတိယအကြိမ်မြောက် ဖြစ်သည်။ ထို့အပြင် ရိန်းဂျားအသင်းအနေဖြင့် ဥရောပပြိုင်ပွဲတွင် တစ်ပွဲအတွင်း ခုနစ်ဂိုး ခွင့်ပြုပေးရခြင်းမှာလည်း ပထမဆုံးအကြိမ်ဖြစ်သည်။

ပယ်လ်ဇန်နှင့် ဘိုင်ယန်မြူးနစ်တို့ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ် က လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ အခြားသောပွဲစဉ်ရလဒ်များတွင် မာဆေးလ်က စပို့တင်းကို နှစ်ဂိုးပြတ်၊ စပါးက ဖရန့်ဖတ်ကို သုံးဂိုး–နှစ်ဂိုး၊ ပေါ်တိုက လေဗာကူဆင်ကို သုံးဂိုးပြတ် အနိုင်ရရှိခဲ့ပြီး အက်သလက်တီကိုမက်ဒရစ်နှင့် ကလပ်ဘရုဂ်တို့ပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့ကာ ဘာစီလိုနာနှင့် အင်တာမီလန်တို့ပွဲစဉ်တွင် တစ်ဖက်သုံးဂိုးစီဖြင့် သရေကျခဲ့သည်။

**အောင်ဇော်**

# အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကော်မရှင်အပါအဝင် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ရုံးဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုရယူခဲ့သည့် ဌာန/အဖွဲ့အစည်းထံမှ မိမိတို့၏ လက်ကိုင်ဖုန်းများသို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ Short Code နံပါတ် "1111" ဖြင့် SMS များ ပေးပို့မေးမြန်းလာပါက မှန်ကန်စွာပြန်လည်ဖြေကြား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် လိုအပ်ချက်များကို အချိန်မီပြုပြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Short Code နံပါတ် "1111" ဖြင့်ပေးပို့လာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိပယ်ခွာ ပြည်သာယာရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# ကြွေသူလည်းမွေး၊ ဝေသူလည်းမွေးစေလျက် ရုပ်ရှင်ချစ်ပရိသတ်တို့၏ နှလုံးသားကို ညှို့ယူဖမ်းစားခဲ့သည့် ရုပ်ရှင်မင်းသားကြီးနှစ်ဦး၏ ရုပ်ရှင်တစ်သက်တာဆုမှ ပီတိစကားသံများ



ဦးကြည်စိုးထွန်း



ဦးနှင်းမိုး



ဦးအောင်လွင်



မြင့်စိုင်းသားအောင်အောင်

၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်နေ့သည် မြန်မာ့ရုပ်ရှင်လောကသားတို့အတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နေ့တစ်နေ့ဖြစ်သည်။ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းတွင်ရှိသော မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွင် ရုပ်ရှင်လောကမှ အနုပညာရှင်များ ပန်းဥယျာဉ်ကြီးအတွင်း ပန်းပေါင်းစုံပွင့်လန်းသည့်ပမာ ဝေဝေဆာဆာဖြင့် စုရုံးရောက်ရှိလျက်ရှိသည်။ တစ်ချိန်က အာရှတွင် မြန်မာ့ရုပ်ရှင်သည် နာမည်တစ်ခုဖြင့် အဆင့်မီမီ ရပ်တည်ခဲ့သည်။ ထိုသို့ ရပ်တည်နိုင်ရန် မြန်မာ့ရုပ်ရှင်ကို ရုပ်ရှင်ချစ်ပြည်သူများ၏ အားပေးမှုနှင့်အတူ မြန်မာ့ရုပ်ရှင်ဖခင်ဒါရိုက်တာကြီးများက ကြိုးပမ်းအားထုတ်ခဲ့ကြသည်။

ထိုနည်းတူ ရုပ်ရှင်သရုပ်ဆောင်များသည်လည်း မြန်မာ့ရုပ်ရှင်ကို ခံ့ညားထည်ဝါစေလိုသော ရုပ်ရှင်ဖခင်ဒါရိုက်တာကြီးများ၏ လက်ထပ်သင်ကြားပေးမှုဖြင့် ခေတ်အဆက်ဆက် အောင်မြင်မှုရရှိခဲ့ကြပြီး အချို့မှာ ယနေ့တိုင် သက်ရှိထင်ရှား ကျန်ရှိလျက်ရှိကာ ဆက်လက်၍လည်း မြန်မာ့ရုပ်ရှင်၏ သမိုင်းပေးတာဝန်ကို ထမ်းဆောင်နေကြလျက်ရှိသည်။ အသက် ၇၀ ကျော်၊ ၈၀ ကျော်အထိ ရုပ်ရှင်ကို အသက်နှင့်ထပ်တူချစ်မြတ်နိုးပြီး ရုပ်ရှင်လုပ်ငန်းဖြင့် တိုင်းပြည်နှင့် လူမျိုးကို အလုပ်အကျွေးပြုလျက်ရှိသည်။

ယနေ့တွင် အနုပညာစွမ်းရည်ပြည့်ဝသော အနုပညာရှင်နှစ်ဦးအား နိုင်ငံတော်မှ ရုပ်ရှင်တစ်သက်တာဆုကို ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်သော အခမ်းအနားကို ကျင်းပခဲ့ခြင်းဖြစ်သည်။ ထိုသူတို့ကို အသက် ၄၀၊ ၅၀ ကျော် ရုပ်ရှင်ချစ်ပြည်သူများ ပိုမိုသိရှိကြမည်ဖြစ်သည်။ အကယ်ဒမီခုနစ်ဆုရရှိခဲ့သော ရုပ်ရှင်မင်းသားကြီး ဦးညွန့်ဝင်းနှင့် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဦးအောင်လွင်တို့ပင် ဖြစ်ပေသည်။ ရုပ်ရှင်မင်းသားကြီး ဦးအောင်လွင်မှာ ရုပ်ရှင်လုပ်ငန်း တာဝန်များကို ဆက်လက်ထမ်းဆောင်နိုင်လျက်ရှိသော်လည်း အကယ်ဒမီဆုများရှင် သရုပ်ဆောင် ဦးညွန့်ဝင်းမှာ အသက် ၈၀ တွင် ကွယ်လွန်ခဲ့ပြီဖြစ်သည်။ ရုပ်ရှင်ကြည့်ပရိသတ်တို့၏ နှလုံးသားကို ညှို့ယူဖမ်းနိုင်စားခဲ့သည့် ရုပ်ရှင်မင်းသားကြီး နှစ်ဦးအတွက် ရုပ်ရှင်တစ်သက်တာဆုပေးပွဲမှ တာဝန်ရှိသူတို့၏ လွမ်းမောဖွယ် ပီတိစကားသံတို့ကို ယခုလို ဖော်ပြလိုက်ရပါသည်။

**ဦးကြည်စိုးထွန်း**
**(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)**

ရုပ်ရှင်တစ်သက်တာ ဆုပေးအပ်ပွဲမှာ နှစ်ဦးကို ပေးသွားတာပါ။ အရင်သုံးနှစ်ကတည်းက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့က တစ်သက်တာဆုအဖြစ် လျာထားခဲ့တဲ့သူတွေပါ။ ရုပ်ရှင်အကယ်ဒမီဆု မပေးနိုင်ခင်မှာ အချို့လည်း အသက်ရပြီး ဆုံးပါးသွားသူတွေလည်းရှိတာကြောင့် အခုလိုပေးတာပါ။ ရုပ်ရှင်တစ်သက်တာဆုအတွက် လျာထားတာက အသက် ၈၀ ရှိရမယ်။ ရုပ်ရှင်လုပ်သက်နှစ် ၅၀ ရှိရမယ်။ နိုင်ငံတော်ကပေးတဲ့ ဆုတစ်ဆုရရှိထားပြီး ရုပ်ရှင်လောကသားတွေအကျိုးကို ဆောင်ရွက်သူ၊ ကြည်ညိုသူလည်း ဖြစ်ရမယ်ဆိုတဲ့ အချက်ငါးချက်နဲ့ ပြည့်စုံသူကို ပေးတာပါ။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနဲ့ ရုပ်ရှင်လောကသားတွေက ပထမဆုံး ဦးတင်ယုကို ဆုပေးခဲ့တယ်။ အဘဗိုလ်ကလေး တင့်အောင်နဲ့ ဒေါ်မြင့်မြင့်ခင်တို့ကို နိုင်ငံတော်က ဆုချီးမြှင့်ခဲ့တယ်။ အခုပုဂ္ဂိုလ်နှစ်ဦးကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရွေးချယ်ပေးပြီး နိုင်ငံတော်က အသိအမှတ်ပြုပြီးတော့ ရုပ်ရှင်တစ်သက်တာဆုကို ချီးမြှင့်တာပါ။ ဆုအနေနဲ့ ရွှေငါးကျပ်သားပါတဲ့ အကယ်ဒမီ ရွှေစင်ရုပ်တုကို ပေးအပ်တာပါ။

ရုပ်ရှင်မင်းသားကြီး ဦးညွန့်ဝင်း အခုရှိမယ်ဆိုရင် အသက် ၈၃ နှစ် ရှိပါပြီ။ သူအသက် ၈၀ မှာ ကွယ်လွန်သွားခဲ့တယ်။ ရုပ်ရှင်မင်းသားကြီး ဦးအောင်လွင်က အသက် ၈၇ နှစ်ရှိပြီ။ သူကတော့ မာမာချာချာပါပဲ။ အခုအသက်အရွယ်အထိ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးမှာ တာဝန်ထမ်းဆောင်ဆဲပါပဲ။ တကယ်လို့သာ ၂၀၁၉ ခုနှစ်အတွက် အကယ်ဒမီပေးခဲ့ရင် ဦးညွန့်ဝင်းလည်း မီတယ်။ မပေးခဲ့နိုင်ဘူး။ ဦးအောင်လွင်လည်း အသက်ကြီးနေပြီဆိုတော့ ရှိနေချိန်မှာ ပေးချင်တယ်။ နိုင်ငံတော်ကလည်း ကူညီတယ်၊ ကျွန်တော်တို့ကလည်း ကြိုးစားတယ်ဆိုတော့ အဆင်ပြေသွားတဲ့အတွက် အားရဝမ်းသာဖြစ်ရပါတယ်။ မိသားစုတွေက နိုင်ငံခြားရောက်နေပြီး ဦးညွန့်ဝင်းဟာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှာ နာယကလုပ်ခဲ့တယ်ဆိုတော့ တစ်သက်တာဆုကို ကိုယ်စားအနေနဲ့ နာယကအဖွဲ့ဝင် တစ်ဦးက ယူပေးပါတယ်။ ပြည်သူတို့ရဲ့ နှလုံးသားမှာရှိနေတဲ့ ရုပ်ရှင်မင်းသားကြီးတွေဖြစ်တဲ့အတွက် အခုလို ရုပ်ရှင်တစ်သက်တာဆု ပေးအပ်မှုကို ကျွန်တော်နဲ့ထပ်တူ ရုပ်ရှင်ချစ်ပြည်သူများလည်း ထပ်တူဝမ်းသာပီတိ ဖြစ်နေကြမယ်လို့ ယုံကြည်ပါတယ်။

**ဦးနှင်းမိုး**
**(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက)**

ဦးညွန့်ဝင်းဆိုတာ အနုပညာလောကမှာ ကြိုးစားပမ်းစားနဲ့ သရုပ်ဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးပါ။ အကယ်ဒမီစပြီးယူတဲ့အချိန်ကစပြီး အကယ်ဒမီ ရှစ်ခုရရမယ်ဆိုပြီး နေရာရှစ်နေရာမှာ လုပ်ဆောင်ထားတဲ့သူပါ။ ရည်မှန်းချက်နဲ့ ရည်ရွယ်ချက် ကောင်းမွန်တဲ့သူပါ။ ပြီးတော့ ရည်မှန်းချက်ပြည့်အောင်လည်း ကြိုးစားခဲ့တယ်။ အကယ်ဒမီ ခုနစ်ခုရရှိချိန်မှာ ဆုံးပါးသွားတာကြောင့် သူ့ရဲ့ဆန္ဒမပြည့်ခဲ့ဘူးလို့ဆိုရပေမယ့် ရုပ်ရှင်တစ်သက်တာဆုရရှိခဲ့တာကြောင့် သူရည်မှန်းထားတဲ့ အကယ်ဒမီ ဆုရှစ်ဆု ပြည့်သွားတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ သူရှိစဉ်က တစ်သက်တာဆုရမယ်ဆိုတာ သတင်းစကားပါးခဲ့ဖူးတာရှိတယ်။ မကွယ်လွန်ခင်မှာ ဆုရှစ်ဆုရမယ်ဆိုတာ သိရှိသွားတာကြောင့် သူ့အတွက် ကောင်းသွားပါတယ်။ ဦးညွန့်ဝင်းကိုယ်စား ဆုယူပေးရတဲ့အတွက် ဝမ်းသာဝမ်းနည်းလည်း ဖြစ်ရပါတယ်။ ဝမ်းသာတာက သူရည်မှန်းထားတဲ့ ဆုရှစ်ဆုရမယ်ဆိုတဲ့ ရည်ရွယ်ချက် ပြည့်သွားလို့ပါ။ ဝမ်းနည်းတာက တကယ် ဆုရှစ်ဆုပြည့်တဲ့အချိန်မှာ သူကိုယ်တိုင်မရှိခဲ့လို့ပါ။

ရုပ်ရှင်တစ်သက်တာဆုဆိုတာ ရခဲပါတယ်။ သူ့မှာစည်းကမ်းချက်တွေ ရှိနေလို့ပါ။ ဒီလိုအချက်တွေ ပြည့်စုံတဲ့သူ ရှားရှားပါးပါး ထွက်လာတာပါ။ ရှိတော့ ရှိမယ် ရှားတယ်၊ အဲဒီရှားတဲ့အထဲကမှ ရွေးရတာပါ။ ဦးညွန့်ဝင်း မိသားစုဟာ နိုင်ငံခြားမှာ ဆေးသွားကုနေတာကြောင့် ရုပ်ရှင်အစည်းအရုံးအနေနဲ့ တစ်သက်တာဆုကို မိသားစုထံ လွှဲပြောင်းပေးအပ်သွားမှာပါ။

**ဦးအောင်လွင်**
**(ရုပ်ရှင်တစ်သက်တာဆုရှင်)**

၁၉၂၀ ပြည့်နှစ်ကစတင်ခဲ့တဲ့ မြန်မာ့ရုပ်ရှင်ဟာ ၂၀၂၀ ပြည့်နှစ်မှာ နှစ် ၁၀၀ ပြည့်တဲ့အတွက် ကျွန်တော်တို့တစ်တွေ များစွာပြင်ဆင်ထားခဲ့တယ်။ မြန်မာ့ရုပ်ရှင်နှစ် ၁၀၀ ပြည့်မှာ အကယ်ဒမီ ထူးထူးခြားခြားပေးနိုင်အောင် ၂၀၁၉ ခုနှစ်မှာ ရိုက်ကူးခဲ့တဲ့ ဇာတ်ကားတွေကို အပင်ပန်းခံပြီး ကြည့်ခဲ့ပါတယ်။ အလွှာအသီးသီးက အကဲဖြတ်များရဲ့ သုံးသပ်ချက်တွေကို ချိတ်ပိတ်သိမ်းထားခဲ့တယ်။ ၂၀၂၀ ပြည့်ရင် နှစ် ၁၀၀ ပွဲတော်နဲ့အတူ ပြဇာတ်တွေကမယ်၊ တေးသရုပ်ဖော်အတွက် အသံတွေ သွင်းကြတယ်၊ အကယ်ဒမီတွေလည်း ပေးမယ်၊ ပြီးတော့ ဦးညွန့်ဝင်းနဲ့ ဦးအောင်လွင်ကိုလည်း ရုပ်ရှင်တစ်သက်တာဆု ပေးမယ်ဆိုပြီး အမှုဆောင်အဖွဲ့ကလည်း ဆုံးဖြတ်ထားတယ်။ သို့သော်လည်း ၂၀၂၀ မှာ ကိုဗစ်ကပ်ရောဂါကြီး ဖြစ်လာတယ်ဆိုတော့ ဘာမှမလုပ်နိုင်ဘူး ဖြစ်သွားတယ်။ ပြီးတော့ ကျွန်တော်နဲ့အတူ ဆုရရင် ပျော်မှာပဲလို့ပြောခဲ့တဲ့ ဦးညွန့်ဝင်းလည်း ကွယ်လွန်သွားခဲ့တယ်။ ကျွန်တော်လည်း မနက်ဖြန်၊ သန်ဘက်ခါဆိုရင် ၈၇ နှစ်ပြည့်ပါပြီ။

ကျွန်တော်ဇာတ်ကားပေါင်း ၁၀၀ နီးပါး ရိုက်ခဲ့တယ်။ ဦးညွန့်ဝင်းက ဇာတ်ကားပေါင်း ၂၁၆ ကား ရိုက်ခဲ့တာ။ မြန်မာပြည်ရဲ့ နေရာဒေသအသီးသီးမှာ ရုပ်ရှင်ဇာတ်ကားတွေ ရိုက်ခဲ့တယ်။ ပွေလီဝေလင်းဆိုရင် မွန်ပြည်နယ်၊ ကလောအလွန်တစ်ဘူတာဆိုရင် ရှမ်းပြည်တောင်ပိုင်း၊ ကျောက်မဲအကျဉ်းသားဆိုရင် ရှမ်းပြည်မြောက်ပိုင်း၊ နေခြည်ဖြာဆိုရင် ကချင်ပြည်နယ်၊ တိမ်လွှာမို့မို့လွင်နဲ့ မိုးကုပ်စက်ဝိုင်းကျော်လွန်၍ဆိုရင် ရခိုင်ပြည်နယ်စတဲ့ ဇာတ်ကားပေါင်းများစွာ ပင်ပန်းစွာ ရိုက်ခဲ့ပါတယ်။ နည်းပညာနဲ့ စက်ပစ္စည်းအားနည်းတဲ့အတွက် အားလုံးဝိုင်းဝန်းလက်တွဲပူးပေါင်းမှုရဲ့ စွမ်းအားနဲ့ ဖြတ်ကျော်ခဲ့ရတာပါ။ ပြည်သူတွေ မရောက်ဖူးတဲ့ ဒေသတွေကို ကျွန်တော့်မျက်စိကတစ်ဆင့် မြင်တွေ့စေလိုတဲ့ ဆန္ဒနဲ့ ကြိုးစားခဲ့တာပါ။

ဦးညွန့်ဝင်းနဲ့ အမှတ်တရဆိုရင် သူနေကောင်းစဉ်မှာ ခင်ဗျားနဲ့ ကျွန်တော် ဆုတက်ယူရမှာဗျလို့ ပြောခဲ့တဲ့ပုံရိပ်ကို စိတ်ထဲအမှတ်တရရှိပြီး စိတ်မကောင်းလည်းဖြစ်ရပါတယ်။ သူကိုယ်တိုင်လည်း ယူစေချင်တာပေါ့လေ။ ဦးညွန့်ဝင်းနဲ့ အချစ်ကြွေးကို သွေးနဲ့ဆပ်မယ် ဇာတ်ကားနဲ့ အခြားရုံမတင်ခဲ့ရတဲ့ ဇာတ်ကားနှစ်ကားလည်း တွဲဖူးတယ်။ ၁၉၇၄ ခုနှစ်မှာ နော်ကူးမ ဇာတ်ကားနဲ့ ကျွန်တော် အကယ်ဒမီရတယ်။ အကယ်ဒမီဆုကို ရွှေတိဂုံဘုရားမှာ လှူခဲ့ပါတယ်။ ၁၉၅၈ ခုနှစ် အသက် ၂၃ နှစ်ကစပြီး ရုပ်ရှင်ကို နည်းပေါင်းစုံနဲ့ ဖြတ်သန်းခဲ့တာကြောင့် ယနေ့လိုချီးမြှင့်တဲ့ ရုပ်ရှင်တစ်သက်တာဆုအတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ရုပ်ရှင်ကို ချစ်မြတ်နိုးကြတဲ့ ပြည်သူတွေအနေနဲ့ ကျွန်တော်ဆုရရှိမှုအပေါ် ဝမ်းသာကြောင်းကို နားလည်ပေးလိမ့်မယ်လို့ ထင်ပါတယ်။

**မြင့်စိုင်းသားအောင်အောင်**
**(ရုပ်ရှင်သရုပ်ဆောင်)**

ရုပ်ရှင် တစ်သက်တာဆုဆိုတာ ရှားရှားပါးပါးပါပဲ။ သူတို့နှစ်ဦး အခုလိုဆုရရှိတာ အင်မတန် ဝမ်းသာဂုဏ်ယူတယ်။ ကိုညွန့်ဝင်းနဲ့တွဲခဲ့တဲ့ ဇာတ်ကားများစွာရှိတယ်။ မှတ်မှတ်ရရ ပြောရရင် ဒူးမထောက်လက်မမြှောက် ဇာတ်ကားပါ။ သားအဖ သုံးယောက်မှာ သူကနှစ်ကိုယ်ခွဲ ကျွန်တော်နဲ့ သရုပ်ဆောင်ထားတယ်။ ဇာတ်ကြမ်းဖြစ်တဲ့အတွက် ပရိသတ်တွေ အထူးအားပေးခဲ့တယ်။ မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လုပ်ဆောင်နိုင်ခွင့်ရမယ်ဆိုရင် ဒီထက်ပိုပြီး တိုးတက်သွားမယ်ထင်တယ်။ ရုပ်ရှင်လောကသားတွေမှာ ကိုယ်စီကိုယ်စီ အနုပညာစွမ်းရည်တွေ ရှိကြတယ်လေ။ ထုတ်ဖော်ပြသဖို့ ရှိကြပါတယ်။

**ဦးညွန့်ဝင်း ရေးသားခဲ့သော စာအုပ်မှ အမှတ်တရစကား**

သရုပ်ဆောင်ကောင်း တစ်ယောက်ဟာ တစ်ချိန်တည်းမှာ အနည်းဆုံးအဆင့်သုံးဆင့်ကို ပိုင်ဆိုင်နိုင်ရမယ်။ ကိုယ်ပြောရမယ့်စကား၊ ကိုယ့်စိတ်ဆန္ဒ၊ ကိုယ့်ပရိသတ်။

ကျွန်တော်တို့ဟာ ပရိသတ်ရဲ့ဝန်ထမ်းတွေပါ၊ အစေခံတွေပါ။

ယခုတက်လာတဲ့ သရုပ်ဆောင်တွေကို ကျွန်တော်တို့ခေတ်က လုပ်ခဲ့သလိုလုပ်ကြည့်ခိုင်းရင် သူတို့အတွက် ခက်ခဲလိမ့်မယ်။

သရုပ်ဆောင်တွေ လုပ်ငန်းခွင်မှာ၊ အလုပ်ထဲမှာ ပျော်နေအောင် စိတ်လက်ပေါ့ပါးနေအောင် ဘယ်လိုတွေလိုမလဲဆိုတာ အဓိကပဲ။

တစ်ခါတလေ ကျွန်တော်စဉ်းစားမိတယ်၊ ဝေဖန်ရေးသမားတွေကို ဇာတ်တိုက်နေတုန်း လာလေ့လာစေချင်တယ်။

စဉ်းစဉ်းစားစား ရိုးရိုးသားသား ဂရုတစိုက် ဝေဖန်ကူညီကြပါလို့၊ ကျွန်တော်ကတော့ ဘယ်ပြန်ညာပြန်၊ အဖူးအရောင်တွေရော၊ အမြောက်အပင့် အထုအထောင်းတွေ စုံနေအောင်ခံခဲ့ရပြီးပြီ၊ ရယ်လည်းရယ်ခဲ့ရတယ် ငိုလည်းငိုခဲ့ရတယ်၊ ထူပူပေါက်ကွဲရပြီးပြီ။

ကျွန်တော်လေးစားရတဲ့ ဆရာသမားကြီးတွေ၊ ဝါသနာတူကြတဲ့ သရုပ်ဆောင် သူငယ်ချင်းတွေ၊ ကျွန်တော့်ကို နှစ်ပေါင်းများစွာ အားပေးခဲ့ကြတဲ့ ပရိသတ်တွေပါမကျန် ဦးထိပ်ထားပြီး ကျွန်တော်ဂါရဝများစွာဖြင့် အသက် ၈၀ ပြည့်မှာ အမှတ်တရ မေတ္တာရောင်ပြန် လိုက်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ-ညိမ်းသူ (သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ အမှတ်(၂) ရပ်ကွက်နေ မြင့်ဇူသင်းသည် ၎င်းအသုံးပြုသည့် “Myint Zu” Facebook အကောင့်၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သင်းငွေစိုးသည် ၎င်းအသုံးပြုသည့် “Thin Ngwe Soe” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး၊ ကျိုက်ပေါ်ကျေးရွာနေ လဲ့လဲ့ဝင်း(ခ)မိချမ်းနှင့် ကျွန်းသာယာရပ်ကွက်နေ အေးမင်းသန့်(ခ)ကျော်ဇင်လတ်တို့သည် ၎င်းတို့အသုံးပြုသည့် “Lae Lae Win” Facebook အကောင့်၊ “Kyaw Zin Latt” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

# စစ်ကိုင်းမြို့နယ် ညောင်ငုတ်တိုကျေးရွာရှိ သစ္စာရွှေဂူဘုန်းကြီးကျောင်းမှ ခန်းနေဆရာတော် ဦးကောဏ္ဍညအား PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာ သတ်ဖြတ်၍ ဘုန်းကြီးကျောင်းပိုင် မော်တော်ယာဉ်တစ်စီးအား လုယက်ယူဆောင်

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာအဆောက်အဦများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်ဖောက်ခွဲမှုများ ပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အဦများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခြင်းများအား စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာ ပြုလုပ်နေကြသည်ကို တွေ့ရှိရပါသည်။

ထိုသို့ပြုလုပ်လျက်ရှိရာတွင် အောက်တိုဘာ ၁၃ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ညောင်ငုတ်တိုကျေးရွာရှိ သစ္စာရွှေဂူဘုန်းကြီးကျောင်းတွင် သီတင်းသုံးနေထိုင်သည့် ခန်းနေဆရာတော် ဦးကောဏ္ဍည သက်တော် (၅၀)နှစ် ဝါတော် (၂၀)ဝါသည် ဆားတောင်မြို့ပေါ် ရပ်ကွက်များသို့ ဆွမ်းခံရန်အတွက် ဘုန်းကြီးကျောင်းပိုင် ယာဉ်အမှတ်(စိစစ်ဆဲ) Hijet အဖြူရောင်ယာဉ်ဖြင့် ထွက်ခွာလာစဉ် ဘုန်းကြီးကျောင်းရှေ့လမ်းပေါ်အရောက် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား ၁၅ ဦး(စိစစ်ဆဲ)က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ ဦးခေါင်းအား ဖြတ်၍ အဆိုပါကျောင်းရှေ့ လမ်းမပေါ်တွင် ထားခဲ့ပြီး Hijet အဖြူရောင်ယာဉ်အား လုယက်ယူဆောင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်မှုကြောင့် ဆရာတော် ဦးကောဏ္ဍညတွင် ဦးခေါင်းပြတ်လျက် သေနတ်ထိမှန်ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ ပျံလွန်တော်မူသွားခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော် ၅၆ ပါးနှင့် သီလရှင်ဆရာကြီး တစ်ပါးတို့ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး အထက်ပါဖြစ်စဉ်မှ သံဃာတော်အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

CRPH နှင့် NUG တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများမရှိစေရေး စသည့် ရည်ရွယ်ချက်များဖြင့် လျှပ်စစ်ဓာတ်အားလိုင်းများ၏ တာဝါတိုင်များအား မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီး


၂၃၀ ကေဗွီ ဘလခ(၂) - ရွှေမြို့ ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၆၄) အား ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။


၂၃၀ ကေဗွီ ဘလခ(၂)-ရွှေမြို့ ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၆၄) အား ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။


၆၆ ကေဗွီ ကျွန်းချောင်း - မြိုင်(၂) ဓာတ်အားလိုင်း တိုင်အမှတ်(၄၂၆) Ten; တိုင်အား ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။



၆၆ ကေဗွီ ကျွန်းချောင်း- မြိုင်(၂) ဓာတ်အားလိုင်း တိုင်အမှတ် (၄၂၆) Ten; တိုင်အား ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

## မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒီဇယ်ဆီဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး (ငွေလုံးငွေရင်း/သာမန်)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆည်၊ ကန်၊ တာတမံ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေနုတ်မြောင်း တူးဖော်ခြင်းစသည့် လုပ်ငန်းများအတွက် ထပ်မံလိုအပ်သော ဒီဇယ်ဆီ(၄၅၀၀၀)ဂါလန်ခန့်အား (၁၄-၁၀-၂၀၂၂)ရက်မှစ၍ မြန်မာ(ကျပ်)ငွေ ဈေးပြိုင်စနစ်ဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများအား ၂၆ ဘီလမ်း၊ ၇၀ x ၇၁လမ်းကြား၊ ဆည်မြောင်းဗြဲ့ရိပ်သာ၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင် (၁၄-၁၀-၂၀၂၂)ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၄၀၆၆၀၅၃၊ ၀၂-၄၀၃၉၁၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူရမည့်ရက်** - ၁၄-၁၀-၂၀၂၂ရက်မှ ၂၈-၁၀-၂၀၂၂ရက်အထိ
(ခ) **တင်ဒါသွင်းရမည့်နောက်ဆုံး ရက်/အချိန်** - ၂၈-၁၀-၂၀၂၂ရက် ညနေ ၄:၃၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၃၁-၁၀-၂၀၂၂ရက် (ခန့်မှန်း)
(ဃ) **တင်ဒါဖွင့်မည့်နေရာ** - ၂၆ဘီလမ်း၊ ၇၀ x ၇၁ လမ်းကြား၊ ဆည်မြောင်းဗြဲ့ရိပ်သာ၊ မန္တလေးမြို့

သတ်မှတ်ရက် အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**မန္တလေးတိုင်းဒေသကြီး**

## ထပ်မံဖြည့်စွက်ချက်
## ၁၃-၁၀-၂၀၂၂ရက် မြန်မာ့အလင်းသတင်းစာပါ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သမဝါယမအသင်းစုများမှ အိတ်ပိတ်လေလံလျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာပါ စာမျက်နှာ(၂၄)၏ ကော်လံ(၃)(၄)တွင် ဖော်ပြထားသော လေလံလျှောက်လွှာ ပိတ်သိမ်းရက်များ ပဲခူး (အနောက်)၃ မြို့နယ်၏ ဆက်သွယ်ရန် ဖုန်းနံပါတ်များနှင့် လေလံကျင်းပမည့်နေရာများကိုလည်း ထပ်မံဖြည့်စွက် ဖော်ပြပါသည်-

**လျှောက်လွှာပိတ်သိမ်းမည့်ရက်(ပဲခူး-အရှေ့)** - ၂၆-၁၀-၂၀၂၂ရက်ညနေ ၄နာရီ
**လျှောက်လွှာပိတ်သိမ်းမည့်ရက်(ပဲခူး-အနောက်)** - ၂၈-၁၀-၂၀၂၂ရက်ညနေ ၄နာရီ
**လေလံကျင်းပမည့်နေရာ (ပဲခူး-အရှေ့)** - ရှင်စောပုခန်းမ ပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၊ ပဲခူးမြို့
**လေလံကျင်းပမည့်နေရာ (ပဲခူး-အနောက်)** - သီရိခေတ္တရာမင်္ဂလာခန်းမ၊ ပြည်မြို့

(ဈ) မင်းလှမြို့နယ်သမဝါယမအသင်းစု-ဖုန်း-၀၉-၄၂၃၇၀၈၂၅၀
(ဈ) နတ်တလင်းမြို့နယ်သမဝါယမအသင်းစု-ဖုန်း-၀၉-၇၇၉၅၆၈၃၅၀
(ည) မိုးညိုမြို့နယ်သမဝါယမအသင်းစု- ဖုန်း-၀၉-၄၅၅၅၄၈၅၈၀

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**
**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့**

## သွာနုတ္တာသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ ဗိုလ်တောက်ထိန်လမ်း၊ အမှတ်(၆/၄၁)နေ ဦးသိန်းဝင်း-ဒေါ်ကြူသက်ခိုင် တို့၏သား မောင်စွမ်းမင်းပိုင် ၉/ပမန(နိုင်) ၁၇၃၅၇၁သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ရုံသာမက ၎င်း၏သဘောဆန္ဒအရနေအိမ်မှ ထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား မိမိတို့မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင်-ဒေါ်ကြူသက်ခိုင်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင် ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန် (City Loft)တိုက်အမှတ် CL2(404)ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းလောဝ်ခမ်း ၁၃/လရန(နိုင်)၀၃၆၁၁၀ ထံမှ ကျွန်မ ဒေါ်ရီလေး ၁၂/တမန(နိုင်) ၀၆၂၀၉၃က အပြီးအပိုင် ဝယ်ယူခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရီလေး**
**တိုက်(၇)၊ အခန်း(၁၀၁)၊ အောင်သပြေလမ်း၊**
**သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ကြောင်း ကြေညာခြင်း

ကော့ကရိတ်မြို့၊ အမှတ် (၇)ရပ်ကွက်နေ (ဘ)ဦးလုံးလုံး၏သမီး နန်းဝင်းဝင်းခိုင် ၃/ကကရ(နိုင်)၁၅၃၂၃၉နှင့် ဘားအံမြို့နယ်၊ သာမည၊ ပန်းမြိုင်စုံရပ်ကွက်နေ (ဘ) ဦးကျော်သန်း၏သား ခွန်အောင်ထွန်းနိုင်တို့သည် လွန်ခဲ့သော ၂၀၁၄ ခုနှစ်မှစ၍ တရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာမှ သမီးနန်းဆောင်းနှင်းသဇင် (၄ နှစ်)အား မွေးဖွားခဲ့ပြီးဖြစ်သော်လည်း ဇနီးဖြစ်သူအပေါ် ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းများဖြစ်စေရန် မကြာခဏကျူးလွန်ခဲ့သည့်အပြင် လွန်ခဲ့သော (၃)နှစ်ကျော်မှစ၍ နေအိမ်ပေါ်မှဆင်းသွားပြီးနောက် ယနေ့တိုင် ဇနီးနှင့်သမီးဖြစ်သူတို့အား မည်သည့် အဆက်အသွယ်မှပြုလုပ်ခဲ့ခြင်းမရှိသကဲ့သို့လင့်ဝတ္တရားနှင့်အညီ ကျွေးမွေးပေးကမ်း ထောက်ပံ့ခဲ့ခြင်းမရှိဘဲ ဥပက္ခာပြုပစ်ပယ်ထားရှိခဲ့သောကြောင့် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိပါသောကြောင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကိစ္စရပ်များကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**နန်းဝင်းဝင်းခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်အောင် (Dip, Agri, H.G.P)**
**အထက်တန်းရှေ့နေ (စဉ်-၁၀၇၄၅)**
**အမှတ် (၁၀၆၄)၊ ပြည်တော်သာလမ်း၊ အမှတ် (၇)ရပ်ကွက်၊ ကော့ကရိတ်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ (အထွေထွေပိုလျှံရန်ပုံငွေ (GRF))မှ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း အသစ်တိုးချဲ့ဖွဲ့စည်းသည့် ခရိုင်ဥပဒေရုံးများအတွက် အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာနှင့် ရုံးသုံးပရိဘောဂပစ္စည်းများ ဝယ်ယူဖြည့်တင်းလိုပါသဖြင့် စိတ်ပါဝင်စားသည့် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

**(ရုံးသုံးစက်ကိရိယာ)**

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ကွန်ပျူတာ | ၄ စုံ |
| (ခ) | ပရင်တာ | ၄ လုံး |
| (ဂ) | မိတ္တူကူးစက် | ၄ လုံး |

**(ရုံးသုံးပရိဘောဂ)**

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | O.S (1) သစ်သားစားပွဲကြီး | ၃၄ လုံး |
| (ခ) | O.S (4) သစ်သား စားပွဲသေး | ၂၆ လုံး |
| (ဂ) | O.S (10) လက်တန်းပါ သစ်သားကုလားထိုင်ကြီး | ၃၄ လုံး |
| (ဃ) | O.S (11) လက်တန်းမပါ သစ်သားကုလားထိုင်သေး | ၃၄ လုံး |
| (င) | O.S (13) သစ်သားဘီရို | ၂၀ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁၀-၂၀၂၂ရက်မှ ၁၁-၁၁-၂၀၂၂ရက် ၁၆:၀၀ နာရီထိ (၆၈ လမ်းနှင့် ၁၀၅ လမ်းထောင့်)ရှိ မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၌ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါအဆိုလွှာများအား ၂၁-၁၁-၂၀၂၂ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါရွေးချယ်မည့်နေ့ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံအား (၆၈လမ်းနှင့် ၁၀၅ လမ်းထောင့်)ရှိ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ဝယ်ယူနိုင်ပြီး၊ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၂-၄၀၆၈၁၅၀၊ ၀၂-၄၀၃၂၀၆၄သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး**

## ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## လားရှိုးမြို့နယ်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် -၁၈ နှင့် ဆက်နွယ်သည့် ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁၁

ဒေါ်အဲအောင်စီ **နှင့်** ဦးဝင်းမြတ်သူ
**တရားနိုင်** **တရားရှုံး**

လားရှိုးမြို့နယ်၊ ရပ်ကွက် (၁၂)၊ နယ်မြေ (၁၉)နေ တရားရှုံး ဦးဝင်းမြတ်သူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၈ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရရှိသူ ဒေါ်အဲအောင်စီက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ရက် (၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇင်ဖြိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**လားရှိုးမြို့နယ်တရားရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/84229, Honda Wave-110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဇော်လင်း ၈/ပခက(နိုင်)၂၁၈၃၈၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/52377, Dayang 110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသီဟအောင် ၁၂/မရက(နိုင်)၁၄၅၄၃၀ က (ကမ-၃)ပျောက် ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာတိုးချဲ့ရပ်ကွက်၊ အကွက်အမှတ် (၂၅၈၅)၊ ပေ(၄၀x၈၀)ရှိမြေသည် ဦးတင်ဝင်း၊ ကျွမ်းကျင်-၆ (မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး) အမည်ဖြင့် မြေပေးမိန့်ရရှိထားပြီး ဦးတင်ဝင်း၊ ကျွမ်းကျင်-၆ (မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး)မှ အောက်ခြေကတိစာချုပ်ဖြင့် ဦးမင်းထွန်းသိန်းမှ ဝယ်ယူပိုင်ဆိုင်လာပြီး အမည်ပြောင်းလဲခွင့်ပြုပါရန် မြိုင်သာယာဝန်ထမ်းအိမ်ရာဖော်ထုတ်ချထားရေး ဗဟိုကြီးကြပ်မှုကော်မတီသို့ လျှောက်ထားခဲ့ရာ အမည်ပြောင်းလဲခြင်းအပေါ် ဘဏ္ဍာရေးကော်မတီသို့ ငွေပေးသွင်းခဲ့ပြီးဖြစ်သော်လည်း လုပ်ငန်းတာဝန်အရ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသည့်အတွက် အမည်ပြောင်းလဲ ခွင့်ပြုသည့် စာရွက်စာတမ်းအား ထုတ်ယူခဲ့ခြင်းမရှိသဖြင့် မိတ္တူမှန်ပြန်လည်ထုတ်ယူခွင့်ပြုပါရန် ဦးမင်းထွန်းသိန်းမှ မြေခွန်ပြေစာမိတ္တူများ၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့နှင့်အတူ တင်ပြလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/2240, Mitsubish Fuso FS51OVZ ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှသိင်္ဂီထွန်း ၉/ဝတန(နိုင်)၁၁၃၄၃၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5B/9583, Nissan Conctor PK 251 SN ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်စိုး ၈/မလန(နိုင်)၀၉၅၆၆၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/23827, Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးနိုင် ၁၄/မမန(နိုင်)၁၇၀၀၁၈က(ကမ-၃)ပျောက် ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ မေတ္တာ (၅)လမ်း၊ မြေကွက်အမှတ်(၉၂၅)နှင့် မြေကွက်အမှတ် (၉၂၇)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)စီရှိ ဒေါ်ချို (ခ) ဟော်တယ်ချွန် (၉/ မရမ (နိုင်) ၀၇၂၃၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် (၂)ကွက်၊ မြေကွက်အမှတ်(၉၂၆)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးတင်ဝင်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်အောင်မြင့် (၁၂/အလန (နိုင်) ၀၃၀၄၅၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -၊

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**
**Hein Htet San Law Firm**

**ဒေါ်လင်းလင်းထက်**
**LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**
**၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂)၊ မြေကွက်အမှတ်(၂၃၇)၊ အကျယ်အဝန်း(၆၀ပေ× ၈၀ပေ)ရှိ ဒေါ်တင်မြင့် (၁၂/မဂတ (နိုင်) ၀၁၄၁၆၇) (CJ- ၀၂၅၄၈၇) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးထွန်းမင်းအောင် (၁၄/ပသန (နိုင်) ၁၉၉၀၈၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**
**Hein Htet San Law Firm**

**ဒေါ်လင်းလင်းထက်**
**LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**
**၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆**

## (၅-၁၀-၂၀၂၂)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃၁)၊ ကော်လံ (၃)ပါ ၁။ ဦးတင်အုန်း၊ ၂။ ဒေါ်တွမ်ကျုံးမြင့်(ခ)မြင့်မြင့် (ကွယ်လွန်သူ ဦးသိန်းနိုင်၏ ဇနီးသည်)၊ ၃။ ဒေါ်ရွှေဝါတို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးစိန်ဝင်းချမ်း B.A(Law),LL.B(တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)နှင့် ဦးစိုးလင်းပိုင်(ခ) ဦးခွန်ဇာလီ LL.B(တရားလွှတ်တော်ရှေ့နေ)တို့၏ "ဒေါ်သက်ဝါ(ခ)ဒေါ်သင်းသင်းဝါ ၁၃/တကန(နိုင်) ၀၅၀၅၅၂ နှင့်အများသိစေရန် ကြေညာခြင်း" အပေါ် ၎င်းတို့နှင့်အများပြည်သူ သိရှိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း"

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အိမ်အမှတ်(ည/၂၅)နေ ဒေါ်သက်ဝါ(ခ)ဒေါ်သင်းသင်းဝါ(ဘ)ဦးသိန်းတင့် ၁၃/တကန(နိုင်) ၀၅၀၅၅၂၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးတင်အုန်းပါ ၃ဦးနှင့် အများပြည်သူသိရှိစေရန် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်-

မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်သည့် ဖခင် ဦးသိန်းတင့်နှင့် မိခင် ဒေါ်ခင်သိန်း (ကွယ်လွန်) တို့တွင် သားသမီး(၈)ဦးထွန်းကားခဲ့ရာ ၎င်းတို့မှာ ၁။ ဦးတင်အုန်း၊ ၂။ ဦးသိန်းနိုင်(ကွယ်လွန်)၊ ၃။ ဒေါ်ရွှေဝါ၊ ၄။ ဦးသိန်းထွဋ်(ကွယ်လွန်)၊ ၅။ ဦးခိုင်မင်း၊ ၆။ ဦးညဏ်လင်း၊ ၇။ ဦးမြင့်သူ၊ ၈။ ဒေါ်သက်ဝါ(ခ) ဒေါ်သင်းသင်းဝါတို့ဖြစ်ကြပါသည်။ ဖခင်ဖြစ်သူနှင့် သားသမီးများဖြစ်ကြသည့် ဦးတင်အုန်း၊ ဒေါ်ရွှေဝါ၊ ဦးခိုင်မင်း၊ ဦးညဏ်လင်း၊ ဦးမြင့်သူ၊ ဒေါ်သက်ဝါ(ခ)ဒေါ်သင်းသင်းဝါ တို့သည် (၄-၁၂-၂၀၁၉)ရက်တွင် "မိသားစု စီမံမှုဝေစုခွဲဝေခြင်း သဘောတူဝန်ခံကတိစာချုပ်" ပြုလုပ်ချုပ်ဆိုခဲ့ကြပါသည်။ အဆိုပါစာချုပ်အရ ကျွန်ုပ်တို့အမှုသည်၏အစ်ကို၊အစ်မများမှကျွန်ုပ်တို့၏အမှုသည်ရရှိခဲ့သောနေအိမ်ခြံမြေထက်အဆပေါင်းများစွာ ပို၍ တန်ဖိုးရှိသော ခြံမြေကွက်များကိုရရှိခဲ့ကြပြီးဖြစ်ပါသည်။ မိသားစုစီမံမှုစာချုပ်၏ စည်းကမ်းချက်အပိုဒ်(၁၄)အရ အစ်ကို၊ အစ်မများမှ ၎င်းတို့ရရှိခဲ့သည့် မြေကွက်များအား အမည်ပေါက်ပြောင်းလဲရန်အတွက် ကျွန်ုပ်တို့အမှုသည်အားလက်မှတ်ထိုးခိုင်းသည့်အခါ သက်ဆိုင်ရာမြို့နှင့်ဌာနအသီးသီးတွင် ကြည်ဖြူစွာလက်မှတ်ရေးထိုး ပေးခဲ့ပြီးဖြစ်သောကြောင့် ကျွန်ုပ်တို့အမှုသည် ရရှိခဲ့သည့်မြေကွက်နှင့် အဆောက်အအုံကို အမည်ပေါက်ပြောင်းလဲရာတွင်လည်း ကျန်အစ်ကို၊ အစ်မများမှ ၎င်းကဲ့သို့ပင် သဘောတူကြည်ဖြူစွာဖြင့်လက်မှတ်ရေးထိုးပေးလိမ့်မည်ဟု ယုံကြည်ခဲ့မိပါသည်။ (၄-၁၂-၂၀၁၉)ရက်စွဲပါ မိသားစုစီမံမှုစာချုပ်အရ ကျွန်ုပ်တို့အမှုသည်လက်ရောက်ပိုင်ဆိုင်ရရှိခဲ့ပြီးဖြစ်သော မြေကွက်ပေါ်ရှိ အဆောက်အအုံအား အသစ်ဆောက်လုပ်ရန် ရည်ရွယ်ချက်ဖြင့် အဆောက်အအုံဟောင်းအား ဖျက်သိမ်းမှုပြုလုပ်ခဲ့ရာတွင် ဦးတင်အုန်းပါ၃ဦးတို့၏ (၂၁-၉-၂၀၂၂)ရက်စွဲပါ ကန့်ကွက်စာအရ တောင်ကြီးမြို့၊ စည်ပင်သာယာရေးဌာန၏(၂၁-၉-၂၀၂၂)ရက်စွဲပါ အဆောက်အအုံကိုဖျက်သိမ်းခြင်းလုပ်ငန်းအား ရပ်ဆိုင်းထားရန် အကြောင်းကြားစာ ပေးပို့ခဲ့သဖြင့် ကျွန်ုပ်တို့အမှုသည်မှ လေးစားသမှုဖြင့် ရပ်ဆိုင်းထားပြီးဖြစ်ပါလျက် ဦးတင်အုန်းပါ၃ဦးတို့မှ ယခုကဲ့သို့ အများသိစေရန် ကြေညာခဲ့ခြင်းသည် ခင်ပွန်းသည် ကွယ်လွန်သွားသဖြင့် သမီးငယ်(၂)ဦးနှင့် ရိုးသား ပင်ပန်းစွာလုပ်ကိုင်ရှာဖွေစားသောက်နေရသူ အမျိုးသမီး (၃)ဦး၏ ဘဝရပ်တည်မှုအပေါ် စာနာထောက်ထားမှုမရှိရာ ရောက်နေသည့်အပြင် အများပြည်သူမှ အထင်အမြင်လွဲမှားစေပြီး ဂုဏ်သိက္ခာကျဆင်းစေခဲ့ပါသည်။

ထို့အပြင် ဦးတင်အုန်းပါ၃ဦးတို့၏တားမြစ်ကြေညာချက်သည် ဖခင်ဖြစ်သူနှင့် မောင်နှမများအားလုံး သဘောတူညီစွာ အသီးသီးလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည့် (၄-၁၂-၂၀၁၉)ရက်စွဲပါ မိသားစု စီမံမှု သဘောတူစာချုပ်ပါ စည်းကမ်းချက်များကို ဆန့်ကျင်ဖောက်ဖျက်ရာ ရောက်နေပါကြောင်း ဦးတင်အုန်းပါ ၃ဦးနှင့် အများပြည်သူသိရှိပါရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးစန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၀၆)**
**ရန်ကင်း(၁)လမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊**
**လှည်းကူးမြို့၊ ဖုန်း-၀၉-၅၀၄၉၁၀၅**

**ဒေါ်စုမွန်နွေးနွေး(LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၉၉)**
**ရန်ကင်း(၁)လမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊**
**လှည်းကူးမြို့၊ ဖုန်း-၀၉-၄၀၀၄၀၀၈၉၈**

**ဒေါ်ခိုင်ဆွေဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၉၃)**
**ညောင်ပင်သာယာကျေးရွာ၊ အင်ကြင်းကုန်းအုပ်စု၊ မှော်ဘီမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၀၀၃၈၃၈၉၃**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သတ္တုတွင်းဦးစီးဌာန
## (ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ သိုလှောင်ခွင့်လိုင်စင်များ သက်တမ်းတိုးရန်နှိုးဆော်ခြင်း)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ခွင့်ပြုထုတ်ပေးထားသော ရေနံနှင့်ရေနံထွက်ပစ္စည်း သိုလှောင်ခွင့် လိုင်စင်များသည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ ရေနံနည်းဥပဒေ(၁၁၉)အရ သက်တမ်းကုန်ဆုံးသောနေ့ရက်မတိုင်မီ နှစ်လကြိုတင်၍ နောင်လာမည့်နှစ်အတွက် သက်တမ်းတိုးမြှင့် လျှောက်ထားရန်လိုအပ်ပါသည်။

၂။ ရေနံနှင့် ရေနံထွက်ပစ္စည်းသိုလှောင်ခွင့်လိုင်စင်များ သက်တမ်းတိုးမြှင့်မှုကို ၁-၁၁-၂၀၂၂ ရက်မှ ၃၁-၁၂-၂၀၂၂ ရက်အတွင်း လျှောက်ထားကြရန်နှင့် ပျက်ကွက်သည့် သိုလှောင်ခွင့်လိုင်စင်များအတွက် ရက်လွန်ဒဏ်ကြေးအဖြစ် ၁-၁-၂၀၂၃ ရက်မှစတင်၍ တစ်ရက်လျှင် သိုလှောင်ခွင့်လိုင်စင်ကြေး၏ (၂ ရာခိုင်နှုန်း)ပေးဆောင်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းတိုးရန်လျှောက်ထားသည့်အခါ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြသွားရန်ဖြစ်ကြောင်း နှိုးဆော်အပ်ပါသည်-

(က) သက်တမ်းတိုးလျှောက်လွှာ၊
(ခ) ဤဦးစီးဌာနမှ ထုတ်ပေးထားသော သိုလှောင်ခွင့်လိုင်စင်(မူရင်း)
(ဂ) ဤဦးစီးဌာနမှ နောက်ဆုံးကွင်းဆင်းစစ်ဆေးခဲ့သည့် ကွင်းဆင်းစစ်ဆေးချက်မှတ်တမ်း (မိတ္တူ)
(ဃ) စက်သုံးဆီအရောင်းဆိုင်နှင့် သိုလှောင်ကန်/ သိုလှောင်ရုံများ၏ လက်ရှိအခြေအနေအတိုင်း ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ။

**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၁၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၀၉၃၇၆**

## လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စကားဝါ (၄)လမ်း၊ အမှတ်(၁၃၈)နေ ဒေါ်သန္တာစိုး ၁၂/ဥကမ(နိုင်)၂၁၁၁၄၃ သည် အောက်တွင် ဖော်ပြထားသော လုပ်ငန်းအမှတ်တံဆိပ် အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၂-၁၀-၂၀၂၂ ရက်တွင် တရားဝင်မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ပါသည်-




**မှတ်ပုံတင်စာချုပ်အမှတ်(၄/၈၃၁၅/၂၀၂၂)(နေ့စွဲ ၁၂-၁၀-၂၀၂၂)**

